ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-5-2006) (၄၉၅၃)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသူထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော မဒမ်ဟန်မြောင်ဆွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေးဇာတိအားမာန်တို့ကို ဦးဆောင်စည်းရုံး ပျိုးထောင်ပေးနိုင် တစ်မျိုးသားလုံးအပေါ် စိုးမိုးချုပ်ချယ်ခဲ့သော နယ်ချဲ့ကိုဆန့်ကျင်ပြီး လွတ်လပ်ရေးရသည်အထိ အထောက်အကူပြု လွတ်လပ်ရေးရပြီးနောက်ပိုင်း အမျိုးဘာသာ၊ သာသနာ၊ ပညာရေးလုပ်ငန်းများသာ တစိုက်မတ်မတ်ဆောင်ရွက် မျိုးဆက်သစ်လူငယ်မောင်မယ်များ အလိမ္မာပညာများရရှိစေရန် နှစ်စဉ် အားပေးဖြန့်ဝေလာခဲ့

ရန်ကုန် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော် အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀) ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီ ၁၅ မိနစ်တွင် အမျိုးသားဇာတ်ရုံရှေ့ မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပရေး ဇာပဟိုနာယက အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီ တာဝန်ခံများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA) နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ အသင်းသား၊ အသင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြ သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀–၅–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ် သွက်လက်မြန်ဆန်စွာ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်ရေးတွင် ကုန်ထုတ်စွမ်းအား တိုးတက်ရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ တိုးမြှင့်ထုတ်လုပ်သုံးစွဲရေးတို့သည် အရေးပါသည့် ကဏ္ဍမှ ပါဝင်နေသည်။

သဘာဝသယံဇာတ အရင်းအမြစ်များအနက် သတ္တုကဏ္ဍသည် နိုင်ငံတော် စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးတွင် ထုထည်ပမာဏ ကြီးမားစွာ ပါဝင်လျက်ရှိကြောင်း တွေ့ရသည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အဖိုးတန်သဘာဝ သယံဇာတပစ္စည်းများကို တိုးမြှင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိက ဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသား ပုဂ္ဂလိက ကျောက်မျက်ရတနာကုမ္ပဏီများကပါ ကျောက်မျက် ကျောက်စိမ်း တူးဖော်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပုလဲ စသည့် ရတနာများကြွယ်ဝသော နိုင်ငံဖြစ်ပြီး နှစ်စဉ် ကျောက်မျက်ရတနာပြပွဲများ၊ နှစ်လယ်ကျောက်မျက်ရတနာပြပွဲ များကို ပုံမှန်ကျင်းပနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာ ဈေးကွက်တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားက မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲကို စိတ်ဝင်စားအာရုံစူးစိုက်လာနေကြပြီဖြစ်သည်။

ကျောက်မျက်ရတနာများ ထုတ်လုပ်သည့်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသည့်အပြင် ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းသဘာဝရှိသောကြောင့် ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများအား ထိုက်တန်သည့် တန်ဖိုးရရှိစေရန်နှင့် မြန်ဆန်စွာရောင်းချနိုင်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ် ခင်းကျင်းပြသ၍ တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ်သတ်မှတ် ရောင်းချခဲ့သော်လည်း ထုတ်လုပ်မှုအပေါ်အခြေခံ၍ ကျောက်မျက်ရတနာ ပြပွဲများကို တိုးချဲ့ပြသရောင်းချသွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာများအပါအဝင် သဘာဝ သယံဇာတကြွယ်ဝသော နိုင်ငံဖြစ်ရာ ကျောက်မျက် ရတနာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများနှင့်အတူ သဘာဝ ပတ်ဝန်းကျင် မပျက်မယွင်း စေရေးအတွက်လည်း အထူးအလေးထား လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ထို့ကြောင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် သစ်တောများ၊ မြစ်ချောင်းများ၊ တိမ်ကောပျက်စီး ဆုံးရှုံးမှုများမရှိစေရန် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ စနစ်တကျသတ်မှတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်စီမံပေးခြင်းဖြင့် ကျောက်မျက်ရတနာများ တိုးတက်ထုတ်လုပ် ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်း ကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည်နှင့်အညီ တူးဖော်ထုတ်လုပ်သူများက အဖိုးတန်အရည်အသွေးကောင်းကျောက်မျက်၊ ကျောက်စိမ်းများ တိုးမြှင့်ထုတ်လုပ်သွားကြရန်နှင့် ထုတ်လုပ်ပြီး ကျောက်မျက်ရတနာများ သွက်လက်မြန်ဆန်စွာ ရောင်းချနိုင်စေရေး ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒူးယား–ရွှေတောင်သာရ–အုန်းပင်ကွင်း ကျောက်ချောလမ်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၉

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဒူးယား–ရွှေတောင်သာရ–အုန်းပင်ကွင်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မေ ၇ရက် မွန်းလွဲ ၂နာရီခွဲတွင် ကျင်းပရာ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ ခရိုင်၊ မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက လမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ယင်းနောက် လမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် ဒေသခံပြည်သူများကိုယ်စား ဟင်္သာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့် ဦးက ကျေးဇူးတင် စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒူးယား–အုန်းပင်ကွင်း ကျောက်ချောလမ်းသစ်ကို ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဝန်ကြီးများနှင့် အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းမှာ ဒူးယား–အုန်းပင်ကွင်း – မြေခြား – နတ်မော် ကျေးရွာတို့ကို ဆက်သွယ်သော လမ်းဖြစ်ပြီး အရှည် ၈မိုင်၊ ၄ဖာလုံ၊ အကျယ် ၁၂ ပေရှိသော လမ်း ဖြစ်ကာ စည်ပင်သာယာရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းပြီးစီးသွားသဖြင့် ကျိုက်ထီးရိုး၊ ကုက္ကိုစု၊ အုတ်ဖိုချောင် ကျေးရွာစသည့် ကျေးရွာ ၁၁ ရွာမှ အိမ်ခြေ ၁၀၈၆အိမ်၊ အိမ်ထောင်စု ၁၀၀၉စု၊ လူဦးရေ ၄၈၆၉ဦးတို့အတွက် ရာသီမရွေး သွားလာနိုင်ပြီဖြစ်၍ ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိစ္စရပ်များကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆိပ်ကမ်းမြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းရုံးခန်း ဖွင့်ပွဲကို မေ ၆ရက်က ဆိပ်ကမ်းမြို့နယ် ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု ကော်မတီရုံး၌ ပြုလုပ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာ လှမြင့်နှင့် ကဏန်းလုပ်ငန်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု ကော်မတီ နာယက ဦးမြတ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။(မြန်မာနိုင်ငံကြက်ခြေနီအသင်း)

ရွှေတိဂုံစေတီတော် ကဆုန်လပြည့် (ဗုဒ္ဓနေ့)သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက် (၁၃)နေ ကွယ်လွန်သူမိဘများဖြစ်သော ဦးသိန်း–ဒေါ်သိန်းခင်(စစ်ကိုင်း)တို့အား ရည်စူး၍ ဒေါ်ခင်အေးမြင့်၊ ဒေါ်ခင်မြသွေး၊ ဒေါ်ခင်မြထွေးမောင်နှမ မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် နှစ်သိန်း တစ်သောင်း ငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန် မေ ၉

၁၃၆၈ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၁၁ ရက် (ကြာသပတေးနေ့)တွင် ရွှေတိဂုံ စေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှ နေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော် ကျပ် ၁၅ သိန်းခွဲကျော်ဖိုးကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။

လှူဒါန်းနိုင်

ယခုအခါ သောက်ရေသန့်ဘူး ပေါင်း ခြောက်သိန်းနှစ်သောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေသန့်ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် ဖုန်း–၃၈၁၇၃၆ နှင့် ဖုန်း–၃၈၃၅၁၁–လိုင်းခွဲ ၁၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဘေး
အန္တရာယ်
သတိပြု
ကာကွယ်

လပြည့်နေ့ကဆုန် တိတ်ရန်(မြိတ်)

တန်ခူးလမှ တပေါင်းလအထိ တစ်ဆယ့်နှစ်လဖြင့် ဖွဲ့စည်းထားသော မြန်မာ့ပြက္ခဒိန်တွင် ကဆုန်လသည် ဒုတိယမြောက်လဖြစ်သည်။ **"ကဆုန်"**ဟူသော ဝေါဟာရကို ရှေးပုဂံခေတ်တွင် **"ကုဆုန်၊ ကူဆုန်"** ဟူ၍လည်း ရေးသားခေါ်ဝေါ်ကြကြောင်း ဖတ်ရှုမှတ်သားရသည်။ ကဆုန်လ၏ အနက်ချုပ် အဓိပ္ပာယ်မှာ **"ရေသွန်းလ၊ ရေလောင်းလ"** ဖြစ်၏။

ကဆုန်လသည် နွေဥတု၏ အလယ်ဗဟိုကျရောက်သော နွေလယ်လ ဖြစ်သည်နှင့်အညီ အပူရှိန်လွန်ကဲသော လဖြစ်သည်။ ထို့ကြောင့် ရှေးလူကြီးများက တန်ခူးရေကုန်၊ ကဆုန်ရေခန်း၊ **"ကဆုန်-နယုန် ဆွေ့ဆွေ့ခုန်"** စသည်ဖြင့် ဆိုရိုးမှတ်တမ်းပြုခဲ့ကြသည်။ ရှေးစာဆိုတော် မဟာအတုလမင်းကြီးကမူ ကဆုန်လ၏ အပူလွန်ကဲမှုသရုပ်ကို **"မြူခြေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇာကြောင့်၊ ပူဗျာပါကဲတဲ့လကိုလေး"** ဟူသောစာကဗျာဖြင့် မှတ်တမ်းတင်ခဲ့သည်။ ဆက်၍တစ်ခါ **"ရာသီငယ်ပြီသ၊ မဟေသီလည်း ရွှေညီလာခလို့၊ ပန်းမြတ်စကားဝါ၊ ဝိသာခါနှင့် တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နှယ်၊ ဆဒ္ဒန်ပိုင့်ဗွေအုံမှာ၊ လကဆုန်ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး"** ဟုဖွဲ့ဆိုချက်အရ ကဆုန်လ၏ ရာသီအဆင်တန်ဆာများအဖြစ် ပြိဿရာသီ၊ ဝိသာခါ နက္ခတ်၊ ဆင်တာရာ၊ ဝေသာခမာသ၊ စကားပန်းနှင့် ညောင်ရေသွန်းပွဲတော်တို့ဖြစ်ကြောင်း မှတ်သားရပြန်ပါသည်။

ကဆုန်လ၏ ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။ လက်ဝဲသုန္ဒရအမတ်ကြီး၏ **"ပွဲခါညောင်ရေ၊ သွန်းမြဲလေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်"** အစချီသော မဲဇာတောင်ခြေရတုတွင် ဖွင့်ဆိုထားသည်နှင့် အညီ ဗုဒ္ဓဘာသာ မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့ကာလ တိုင်အောင် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို အစဉ်လာ မပျက် ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် သဒ္ဓါတရားထက်သန်စွာ တခမ်းတနား ကျင်းပခဲ့ကြသည်။ ညောင်ရေသွန်းပွဲတော် ပေါ်ပေါက်လာရခြင်း၏ ဇာစ်မြစ်မှာ ကဆုန်နွေ၏ ထန်ပြင်းသည့် အပူရှိန်ကြောင့် သစ်ပင်များ နွမ်းလျော်ညှိုးခြောက်သော အခြေသို့ရောက်ကြရသည်။ ထိုအခါ ဘာသာ ရေးကိုင်းရှိုင်းကြသော ဗုဒ္ဓဘာသာဝင်တို့က မိမိတို့အထွတ်အမြတ်ထား သော ဗောဓိပင်များ မညှိုးနွမ်းဘဲ အစဉ်စိမ်းလန်းစိုပြည် ရှင်သန်နေစေရန် ဟူသော မွန်မြတ်သော ရည်ရွယ်ချက်ဖြင့် နံ့သာရေစင်တို့ဖြင့် သွန်းလောင်းခဲ့ကြရာမှစ၍ ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာရကြောင်း မှတ်သားရပါသည်။ ဗောဓိပင်ဆိုသည်မှာ သဗ္ဗညုတဉာဏ်တော်ကိုရပြီး သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ ဘုရားရှင်တို့ အမှီပြုသော သစ်ပင်ကို အထွတ်တင်၍ ဗောဓိပင်ဟု ခေါ်ဆိုခြင်းဖြစ်၏။ ဤဘဒ္ဒ ကမ္ဘာကြီးတွင် ပွင့်တော်မူကြပြီးသည့် လေးဆူသောဘုရားရှင်တို့ အမှီပြုခဲ့ရာ ဗောဓိပင်များမှာ ကကုသန်ဘုရားရှင်၏ ကုက္ကိုပင်၊ ကောဏဂုံဘုရားရှင်၏ ရေသဖန်းပင်၊ ကဿပဘုရားရှင်၏ ပညောင်ပင်နှင့် ဂေါတမဘုရားရှင်၏ ညောင်ဗုဒ္ဓဟေပင်တို့ ဖြစ်ကြသည်။

ကဆုန်လပြည့်နေ့သည် **"ဗျာဒိတ်ဖွားမြင်-ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်၊""ဆု-ဖွား-ပွင့်-စံ ဤလေးတန်၊ မှတ်ရန်ကဆုန်လပြည့်ကြို"** ဟူသော စာဆိုများနှင့် အညီ ဘုရားလောင်းသုမေဓာ ရှင်ရသေ့ ဒီပင်္ကရာဘုရားထံတော်မှ "ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"ဟု နိယတ ဗျာဒိတ်ကိုခံယူတော်မူခြင်း၊ ဘုရားလောင်းဖွားမြင်တော်မူခြင်း၊ သစ္စာလေးပါးမြတ်တရားကိုသိမြင်၍ ဘုရားစင်စစ်ဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း တည်းဟူသော ဗုဒ္ဓဝင်အထိမ်းအမှတ် မှတ်တိုင်ကြီး လေးတိုင်စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးဖြစ်သဖြင့် ကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့" အဖြစ် သတ်မှတ်ခေါ်ဝေါ်ကြ၏။

သို့ဖြစ်၍ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဘုရားရှင်အားရည်စူး၍ ညောင်ရေသွန်းလောင်းခြင်း ဓလေ့ကို ရိုးရာမပျက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကာ ကောင်းမြတ်သောအမှုများကို မွန်မြတ်သော စိတ်စေတနာဖြင့် ပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကဆုန်လပြည့် ရက်မြတ်နေ့

* ကဆုန်လပြည့်
ရက်မြတ်နေ့ကား၊ ခပ်သိမ်းရှင်ပင်
ဘုရားရှင်တို့၊ လေးအင်သစ္စာ
သိမြင်လာကြ၊ ဘဒ္ဒကမ္ဘာ
ဒီပါဇမ္ဗူ၊ ငါးဆူဘုရား
တစ်ပါးပါဝင်၊ ဂေါတမရှင်မြတ်
ဖွားမြင်တော်မူ၊ ပွင့်တော်မူ၏
ပရိနိဗ္ဗာန်၊ စံလွန်ကံကုန်
ကဆုန်လပြည့်၊ ဤရက်နေ့ပင်။
* ဂေါတမလောင်းလျာ
သုမေဓာလည်း၊ နိယတဗျာဒိတ်
ရက်ထွတ်ထိပ်တွင်၊ ခံယူစိတ်သန်
ရက်မှန်ကဆုန်လပြည့်ပင်။
* မဟာဗောဓိပင်
ရှင်သန်ပေါက်လျက်၊ မြတ်သည်ထက်မြတ်
ရက်မြတ်လမြတ် ချိန်ခါပင်။
* ပန်းရွှေစံကားဝါ
ဝိသာခါနှင့်၊ တာရာခြံရံ
ခြွေရံဝန်းခ၊ လမြတ်အမှန်
ရွှေနိုင်ငံသား၊ အများပြည်သူ
ဆုယူရွှင်လန်း၊ ညောင်ရေသွန်းကြ
ထွတ်မြတ်လအခါ၊ မေတ္တာဝေကြ
ဆန္ဒညီတူ၊ ကြည်ဖြူကြသည်
မြန်မာ့အလှပန်း၊ ငြိမ်းအေးချမ်းလျက်
လန်းဆန်းသင်းပျံ့နေမြဲအစဉ်။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

မတ် ၉ရက်က ကွယ်လွန်သူ ဗိုလ်မှူးကြီး ခင်မောင်ဝင်း(ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်တွင် သီတင်းသုံးနေထိုင်ကြသော ဆရာတော်ကြီးများအား သင်္ကန်း ၇၇စုံနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်မျိုးအောင်စေတီ အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်စံကျောင်း မျက်နှာကြက်တပ်ဆင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစံကျောင်းတော်၌ ကျင်းပရာ အလှူရှင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် သိင်္ဂါလမ်းနေ ဦးလှအေး(ဒေါ်သန်းတင်)၊ သား၊ သမီး၊ မြေး မိသားစုတို့က လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်စံကျောင်း မျက်နှာကြက် တပ်ဆင်ရန် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က လက်ခံယူပြီး အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (၅၀၆)

ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက က ပရိယတ္တိသာသနာပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ပဲခူးမြို့ သာမဏေကျော်သို့ သထုံမြို့မြစိမ်းကျောင်းတိုက်အား ရွှေပါရမီမြစိမ်းသာမဏေကျော်ပရိယတ္တိ စာသင်တိုက်အဖြစ် လွှဲပြောင်းလှူဒါန်းရာ (ဦးဟုတ်ယုံ)-ဒေါ်ကျင်လှ၊ သား ကပ္ပတိန်ဌေးမြင့်တို့က ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းပြီး ဆရာတော်အား သင်္ကန်း ပရိက္ခရာများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၏ ဝိဇာတအလှူတော်ပွဲကို မေ ၇ရက်က သမိုင်းကျိုက်ဝိုင်း ပေါက်တန်းဒိတ်ကုန်းကျောင်းတွင် ကျင်းပရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်နေ အငြိမ်းစား ဒုရဲမှူးကြီး ဦးသိန်းထွန်း-ဒေါ်တင်တင်မြိုင် မိသားစုတို့က မြေငါးဧကနှင့် ဝတ္ထုငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (၆၁)

ရတနာမဥ္ဇူကျောင်းဆရာတော်အာစရိယပူဇော်မည်

ရန်ကုန် မေ ၉

ရတနာမဥ္ဇူကျောင်းတိုက်၊ ဇေယျာမင်းကျောင်းတိုက်၊ မင်္ဂလာသုခ ကျောင်းတိုက်တို့၏ ဆရာတော် ဦးပညိန္ဒ(B.A)အား ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁၄ရက်မွန်းတည့် ၁၂နာရီတွင် မင်္ဂလာသုခကျောင်းတိုက် အထက်ဗဟိုလမ်းမီးပွိုင့်အနီး သဇင်သမဝါယမရှေ့ (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်တွင်ကျင်းပမည်ဖြစ်ရာ ရတနာမဥ္ဇူ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မဟာပဋ္ဌာန်း ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၉

သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်မြေဗောဓိကုန်းမြေ အောင်ဓမ္မရိပ်သာကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာပဋ္ဌာန်းပူဇော်ပွဲကို မေ ၁၀ရက်(ဗုဒ္ဓဟူးနေ့)မှ ၁၄ရက် (တနင်္ဂနွေနေ့)အထိ ဓမ္မရိပ်သာကျောင်း ဦးစီးပဓာန နာယက အောင်စေတီဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရနှင့် သံဃာတော် ၄၅ပါးတို့က အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အင်းစိန်မြို့ ရွာမအနောက်ရပ်ကွက် အေးပြည်သာ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်အေးသန်း မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့်ဥက္ကဋ္ဌ ဦးမြသင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် စက်ဘီးစက်ရုံဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းပျိုးထောင်စိုက်ပျိုးပွဲတော်ကို မေ ၉ရက်ကပြုလုပ်ရာ စက်ရုံဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ခြံစည်းရိုး ကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် စက်ရုံမှူးတို့ အားပေးကြည့်ရှုစဉ်။ (၃၂)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလမ်းပြမြေပုံ ပြင်ဆင်ပြောင်းလဲရန် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

ကိုင်ရို မေ ၈

အရှေ့အလယ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းရေးလမ်းပြမြေပုံ၏ သက်တမ်းသည် ၂၀၀၅ ခုနှစ်တွင် ကုန်ဆုံးခဲ့ပြီဖြစ်သဖြင့် ပြင်ဆင်သတ်မှတ်သင့်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က စနေနေ့တွင် ပြောကြားသည်။

အဆိုပါ လမ်းပြမြေပုံကို အသစ်တစ်ဖန် ပြန်လည်သတ်မှတ်ရန် လိုနေပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်း၏သက်တမ်းသည် ၂၀၀၅ခုနှစ်တွင်ကုန်ဆုံးသောကြောင့် ဖြစ်ကြောင်း အဘူဂိတ်က အီဂျစ်နိုင်ငံ အလက်ဇန်းဒရီးယားမြို့တွင် ကျင်းပသည့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ဖိုရမ်အစည်းအဝေးတွင် ပြောကြားသွားခြင်းဖြစ်သည်။

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခကို ဖြေရှင်းရေး နည်းလမ်းသည် တွေ့ဆုံညှိနှိုင်းရေးပင် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လေးပွင့်ဆိုင် အဖွဲ့အစည်းအဝေးကို နယူးယောက်၌ အင်္ဂါနေ့တွင် ကျင်းပရန် စီစဉ်ထားပြီး ယင်းအစည်းအဝေးက ပါလက်စတိုင်း ပြည်သူများ ခံစားနေရသည့် ဒုက္ခများ လျော့ပါးသက်သာစေရန်အတွက် ရပ်ဆိုင်းထားရသော ဆွေးနွေးပွဲကို ပြန်လည်ကျင်းပမည်ဖြစ်ပြီး လမ်းပြမြေပုံသက်ဝင်လှုပ်ရှားစေရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်ဟု မျှော်လင့်ကြောင်း အဘူဂိတ်က ပြောကြားသည်။

အရှေ့အလယ်ပိုင်း လေးပွင့်ဆိုင် ကြားဝင်စေ့စပ်သူအဖွဲ့တွင် အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ ရုရှားနှင့် ကုလသမဂ္ဂတို့ ပါဝင်ကြပြီး ယင်းအဖွဲ့က လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရန်နှင့် လုံခြုံမှုရှိသည့် အစ္စရေးနိုင်ငံထူထောင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။

သို့ရာတွင် အဘူဂိတ်က လမ်းပြမြေပုံကို မည်သို့မည်ပုံ ပြင်ဆင်သင့်သည်ဟု ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဗာပူနီယာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို မေ ၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ထိုင်း၌ အလုပ်လက်မဲ့နှုန်း မြင့်တက်ဖွယ်ရှိ

ဗန်ကောက် မေ ၈

ထိုင်းနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ယမန်နှစ်က ၁ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း ကာစီကွန် သုတေသနဌာနက ကြေညာသည်။

အလုပ်အကိုင်ကျဆင်း

ရေနံဈေးနှုန်းများ မြင့်တက်လာခြင်း၊ အတိုးနှုန်းများ မြင့်တက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် သုံးစွဲမှုလျော့ကျလာခြင်းတို့၏ အကျိုးဆက်အဖြစ် ယခုနှစ်တွင် စီးပွားရေးတိုးတက်နှုန်း ကျဆင်းလာမည်ဟု မျှော်မှန်းထားသည်။ အလုပ်အကိုင်ရရှိမှုကိုလည်း ကျဆင်းစေမည်ဖြစ်သည်။

ထိခိုက်

အချို့သော စီးပွားရေးလုပ်ငန်းများက အလုပ်သမားဦးရေကို သိသိသာသာ လျှော့ချလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍရှိ အလုပ်သမားများ၊ ဆံပင်ညှပ်သမားများနှင့် ခေါင်းရွက်ဗျပ်ထိုး အလုပ်သမားများကဲ့သို့သော ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများကို ထိခိုက်စေမည်ဖြစ်သည်။

ကင်းမဲ့လျက်ရှိ

အဆိုပါအလုပ်သမားများမှာ လူမှုသက်သာချောင်ချိရေးနှင့် အလုပ်အကိုင် လုံခြုံမှု အခွင့်အလမ်းမရရှိကြပေ။ အလုပ်သမားများ၏ အကျိုးစီးပွားအတွက် ရပ်တည်ပေးမည့် အဖွဲ့အစည်းမရှိသဖြင့် ၎င်းတို့၏ အကျိုးစီးပွားအတွက် ပြောအားဆိုအား ကင်းမဲ့လျက် ရှိကြောင်း သုတေသနဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးပွား လူ ၁၀၀၀၀၀ ကျော် နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရ

ဘဂ္ဂဒက် မေ ၈

အီရတ်နိုင်ငံတွင် ဖေဖော်ဝါရီလနောက်ပိုင်းမှစတင်၍ တွန်းလှန်တိုက်ခိုက်မှုများနှင့် ဂိုဏ်းဂဏဆန်ဆန် တိုက်ခိုက်မှုများ တိုးပွားလာမှုကြောင့် ရက်သတ္တနှစ်ပတ်အတွင်း လူ ၆၅၀၀၀ မှ ၁၀၀၀၀၀ ကျော်အထိ ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆမ်မာရာမြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်က ရှီးယိုက်တို့ကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဗုံးဖောက်ခွဲမှု ပေါ်ပေါက်ခဲ့ချိန်နောက်ပိုင်း တင်းမာမှုများ ပိုမိုဆိုးရွားစေရန်အတွက် မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်စေခဲ့သည်။ အဆိုပါ ထွက်ပြေးသူများသည် ဒုက္ခသည်များဖြစ်ကြပြီး ရွှေ့ပြောင်းရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသူများဖြစ်ကာ ငွေကြေး၊ စားနပ်ရိက္ခာနှင့် ပစ္စည်းများ ထောက်ပံ့ပေးရန် လျှောက်ထားသူများ ဖြစ်ကြသည်။

ထွက်ပြေး

ဆမ်မာရာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အကြမ်းဖက် တိုက်ခိုက်မှုများ ကူးစက်ပျံ့နှံ့သွားခဲ့ရာ အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန်အတွက် မိသားစုထောင်ပေါင်းများစွာမှာ ၎င်းတို့၏ အိမ်ရာများကို စွန့်ပစ်ကာ ထွက်ပြေးသွားကြရသည်ဟု ဖော်ပြပါ ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆတ်တာနော်ရဇ် က ပြောကြားသည်။

ပြောင်းရွှေ့

မိသားစု ၇၆၈၀ နီးပါးသည် အီရတ်နိုင်ငံတောင်ပိုင်း ရှီးယိုက်လူမျိုးများ နေထိုင်ရာ ပြည်နယ်များသို့ ပြောင်းရွှေ့သွားခဲ့ကြပြီး မိသားစု ၃၂၀၀ ခန့်သည် ကန်ဘာပြည်နယ်နှင့် ဆာလာဟီဒင်စသည့် ဆွန်နီလူမျိုးများ နေထိုင်ရာ ပြည်နယ်များသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ရုံကို မေ ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင်ရရှိသည့်ဒဏ်ရာဖြင့် အီတလီတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ရောမ မေ ၈

အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် လွန်ခဲ့သည့်လအတွင်းက လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရာမှ ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိသူ အီတလီတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အီတလီသတင်းဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဧပြီလ ၂၇ ရက်က ဗုံးပေါက်ခဲ့ရာ အီတလီတပ်ဖွဲ့ဝင် သုံးဦးနှင့် ရိုမေးနီးယား တပ်ဖွဲ့ဝင်တစ်ဦးတို့ ပွဲချင်းပြီး သေဆုံးခဲ့သည်။

နာဆာရီယာ အနောက်တောင်ပိုင်းဒေသရှိ လမ်းမပေါ်တွင် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါမြို့သည် အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များ အခြေစိုက်ရာဒေသ ဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် အီတလီ တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးဆိုင်ရာ အချိန်ကာလနှင့် ပတ်သက်၍ အီတလီအစိုးရအတွင်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်စေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် တိရစ္ဆာန်ဥယျာဉ်တွင် ပေါက်ဖွားသော သစ်ကုလားအုတ်ငယ်တစ်ကောင်ကို မေ ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရုရှားနှင့်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး အီရန် နျူကလီးယားကိစ္စ ဆွေးနွေး

မော်စကို မေ ၈

အီရန်နျူကလီးယားပြဿနာကို ဆွေးနွေးရန် လေးပွင့်ဆိုင်အစည်းအဝေး ခေါ်ယူရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်နှင့် စနေနေ့က ဆွေးနွေးကြသည်။

၎င်းတို့နှစ်ဦးက အီရန်နျူကလီးယားပြဿနာကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နည်းလမ်း ရှာဖွေကြမည်ဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ရိုက်စ်နှင့် လက်ဗရော့ဗ်တို့သည် လေးပွင့်ဆိုင် အစည်းအဝေးကျင်းပရန်နှင့် အီရန်ကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ အစည်းအဝေးခေါ်ယူရေးကိစ္စကိုလည်း ဆွေးနွေးကြကြောင်း၀ါရှင်တန်ရှိ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးကအတည်ပြုပြောကြားသည်။ လေးပွင့်ဆိုင်အဖွဲ့တွင် ကုလသမဂ္ဂ၊ အမေရိကန်နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် ရုရှားတို့ပါဝင်သည်။ ယင်းအဖွဲ့သည် နယူးယောက်၌ အင်္ဂါနေ့တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ရှန်ဇန်ဒေသရှိ ရှီကူဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မေ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံအလယ်ပိုင်းတွင် လေမုန်တိုင်းတိုက်ခတ် နေအိမ်အများအပြား ထိခိုက်ပျက်စီး

ဗန်ကောက် မေ ၈

ထိုင်းနိုင်ငံတစ်ဝန်းတွင် မိုးကြိုးမုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်နေစဉ်မှာပင် ထိုင်းနိုင်ငံအလယ်ပိုင်းဒေသရှိ လော့ဘူရီပြည်နယ်တွင် တနင်္ဂနွေနေ့နံနက်က အပူပိုင်းလေမုန်တိုင်း တိုက်ခတ်ခဲ့ရာ အိမ်အများအပြား ပျက်စီးသွားခဲ့သည်။

ပျက်စီး

လော့ဘူရီပြည်နယ်တွင် လေမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် သစ်ပင်များပြိုလဲကာ အိမ်ခြေများစွာ ပျက်စီးခဲ့သည်ဟု မိုးလေဝသဌာနက ပြောကြားသည်။ သစ်ပင်များ အမြစ်မှကျွတ်ထွက်ပြီး ဆိုင်းဘုတ်များ ပြိုလဲကျခဲ့ကြသော်လည်း ဒဏ်ရာရသူမရှိခဲ့ပေ။

လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့ပြီး မြောက်ပိုင်းဒေသနှင့် အရှေ့မြောက်ပိုင်းဒေသ အထူးသဖြင့် ခွန်ကေအင်း၊ ခါလာဆင်၊ ရိုအက်နာခွန်၊ ရက်ချာဆီမာ၊ ဆူရင်နှင့် ဥဘွန်ရက်ချာသာနီဒေသတို့တွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ကျရောက်

နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းလွင်ပြင်ဒေသတို့တွင် ရာသီဥတုပူပြင်းပြီး မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့သည်။ ဗန်ကောက်မြို့တော်နှင့် အနီးတစ်ဝိုက်ဒေသများတွင် မိုးကြိုးမုန်တိုင်း တိုက်ခတ်ကာ မိုးကွက်ကျား ရွာနိုင်သည်ဟု မိုးလေဝသဌာနက ဟောကိန်းထုတ်ထားသည်။ တောင်ပိုင်းဒေသ၊ အရှေ့ပိုင်းကမ်းခြေဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး ထိုင်းပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်သည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်၌ ပြန်ပေးဆွဲခံရသူ နှစ်ဦးအတွက် ဂျာမန်အစိုးရက ဒေါ်လာ ၁၀ သန်းကျော်ပေးခဲ့ရဟုဆို

ဘာလင် မေ ၈

အီရတ်နိုင်ငံတွင် ၉၉ ရက်ကြာ ဓားစာခံအဖြစ် အဖမ်းခံထားရသူ ဂျာမန်အင်ဂျင်နီယာနှစ်ဦး လွတ်မြောက်စေရေးအတွက် ဂျာမန်အစိုးရက ပြန်ပေးသမားများ တောင်းဆိုသည့်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ကို ပေးခဲ့ရကြောင်း ဂျာမန်ပြည်သူပိုင် ရုပ်မြင်သံကြားဌာနဖြစ်သည့် အေအာဒီက စနေနေ့တွင် လုံခြုံရေးသတင်း ရပ်ကွက်များကို ကိုးကား၍ ဖော်ပြလိုက်သည်။

၎င်းအင်ဂျင်နီယာ နှစ်ဦးအတွက် ခြိမ်းခြောက်တောင်းခံသည့် ငွေကို ပေးပြီးနောက် ၎င်းတို့နှစ်ဦး ယခု ရက်သတ္တပတ်တွင် နေအိမ်သို့ ပြန်ရောက်လာခဲ့ကြောင်း ဂျာမန် အပတ်စဉ်မဂ္ဂဇင်းဖြစ်သည့် ဒါစပီးဂယ်က ရေးသားသည်။ ပေးခဲ့ရသည့် အဆိုပါငွေကြေးပမာဏသည် အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က အဖမ်းခံခဲ့ရသည့် ဂျာမန်အမျိုးသမီး ဆူဆန်နီအော့စ်သော့ဖ် လွတ်မြောက်ရေး အတွက် ပေးခဲ့ရသည့်ငွေထက် ပိုမိုများပြားကြောင်း ယင်းမဂ္ဂဇင်းက ဆက်လက်ရေးသားသည်။

ဂျာမန်အစိုးရက အော့စ်သော့ဖ် အတွက် ပြန်ပေးသမားများကို ဒေါ်လာငါးသန်းပေးခဲ့ရသည်ဟု အမည်မဖော်သော သံတမန်များက ပြောကြားခဲ့သည်။ ယခင်က ဓားစာခံများ လွတ်မြောက်စေရေးအတွက် ပြန်ပေးသမားများကို ငွေပေးခဲ့သော်လည်း ဂျာမန်အစိုးရအနေဖြင့် ငွေညှစ်သည့် လုပ်ရပ်ကို အားမပေး လိုတော့ကြောင်း၊ ဂျာမန်အစိုးရသည် ခြိမ်းခြောက်တောင်းသည့်ငွေကိုပေးရန် မူဝါဒမရှိကြောင်း အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ရုရှားနိုင်ငံ မော်စကိုမြို့တွင် လက်ကိုင် ဆဲလ်ဖုန်းများကို ကြော်ငြာနေသော လုပျိုဖြူနှစ်ဦးကို မေ ၈ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇမ်ဘီယာတွင် နှစ်စဉ် လူ ၈၀၀၀ ကျော် ငှက်ဖျားရောဂါကြောင့် သေဆုံး

လူဆာကာ မေ ၈

ဇမ်ဘီယာနိုင်ငံတွင် ရောဂါဝေဒနာ ခံစားသူ၏ ၄၀ ရာခိုင်နှုန်းသည် ငှက်ဖျားရောဂါ ဝေဒနာရှင်များဖြစ်နေပြီး လူဦးရေ ၁၁ သန်းရှိသည့် ယင်းနိုင်ငံတွင် အဆိုပါရောဂါကြောင့် သေဆုံးသူဦးရေသည် တစ်နှစ်လျှင် ၈၀၀၀ ရှိကြောင်း ဇမ်ဘီယာသမ္မတ လဲဗီမဝါနာဝါဆာက ပြောကြားသည်။

ပါဝင်ဆောင်ရွက်

ဇမ်ဘီယာနိုင်ငံရှိ အသင်းအဖွဲ့အားလုံးက နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ငှက်ဖျားရောဂါပြဿနာ ကုစားနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ကြပြီး ငှက်ဖျားထိန်းချုပ်ရေး အစီအစဉ်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဇမ်ဘီယာသမ္မတက လစ်ဗင်းစတုန်းတွင် စနေနေ့က ကျင်းပသည့် ငှက်ဖျားဆေးဝါး ရင်းနှီးမြှုပ်နှံရေး အစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်ဟု ဇမ်ဘီယာသတင်းနှင့် ပြန်ကြားရေးဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ ယင်းရောဂါ ထိန်းချုပ်ရေးအတွက် နိုင်ငံတကာက အကူအညီ ပိုမိုပေးကြရန်ကိုလည်း သမ္မတက တိုက်တွန်း နှိုးဆော်ခဲ့သည်။ ယင်းရောဂါအတွက် အသုံးပြုနေပြီး အကောင်းဆုံး ညွှန်ကြားထားသည့် ဆေးဝါးသည် ထိရောက်မှု ရှိသော်လည်း ဈေးကြီးမြင့်လှကြောင်း၊ လူကြီးတစ်ဦးအတွက် ဆေးတစ်ဖုံလျှင် ဒေါ်လာ ၂ ဒသမ ၄၀ ကုန်ကျသည်ဟု ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နယူးဒေလီတွင် အပူလှိုင်းကျရောက် ၅၃ ဦး သေဆုံး

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီတွင် အပူရှိန်မြင့်တက်လာခဲ့ပြီး တနင်္ဂနွေနေ့တွင် ဆဲလ်စီးယပ် ၄၄ ဒသမ ၅ ဒီဂရီ (၁၁၂ ဒီဂရီဖာရင်ဟိုက်) အထိ ရောက်ရှိခဲ့ကာ နှစ်ရက်ဆက်တိုက် အပူလှိုင်း ကျရောက်ခဲ့သည်။ အပူလှိုင်းကျရောက်မှုကြောင့် ၅၃ ဦး သေဆုံးရကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

စနေနေ့နောက်ပိုင်းမှ စတင်ပြီး ၄၄ ဒသမ ၅ ဒီဂရီတွင် အပူချိန်တန့်နေကြောင်း၊ ယခုနှစ်တွင် သာမန်ရှိသည့် ပမာဏထက် ၅ ဒီဂရီ ပိုမိုမြင့်တက်နေခြင်းဖြစ်ကြောင်း ရာသီဥတုဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေသဖြင့် နယူးဒေလီတွင် တနင်္လာနေ့ ညနေပိုင်းက မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်သည့် လက္ခဏာရှိနေပြီး အတန်ငယ် အပူလျော့ကျမည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်တွင် ဆက်လက်မိုးခေါင်မည် လာမည့်နှစ်လအတွင်း မိုးမရွာသွန်းနိုင်

အစ္စလမ္မာဘတ် မေ ၈

ပါကစ္စတန်နိုင်ငံတွင် မိုးခေါင်မှုအခြေအနေ ဆက်လက်ပေါ်ပေါက်နေမည်ဖြစ်ကြောင်း၊ လာမည့်နှစ်လအတွင်း ထူးထူးခြားခြား မိုးရွာသွန်းနိုင်မည် မဟုတ်သေးကြောင်း ပါကစ္စတန် မိုးလေဝသဌာနက တနင်္ဂနွေနေ့တွင် သတိပေးပြောကြားလိုက်သည်။

လျော့နည်း

လွန်ခဲ့သည့် ဆောင်းဥတု၏ မိုးရေချိန်သည် ပုံမှန်အောက် ၄၀ ရာနှုန်းခန့် လျော့နည်းခဲ့ပြီး နှင်းကျသည့် ဒေသများတွင်လည်း နှင်းကျမှု သာမန်အောက် ၂၀-၂၅ ရာနှုန်း လျော့နည်းခဲ့သည်ဟု ပါကစ္စတန် မိုးလေဝသမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကွမ်မာအွတ်ဇ်ဇာမန်က ပြောကြားသည်။

လာမည့်နှစ်လအတွင်း မိုးရွာသွန်းနိုင်ဖွယ်မရှိဟု ၎င်းကပြောကြားသည်။ လာမည့်လ အနည်းငယ်အတွင်း ပါကစ္စတန်နိုင်ငံတွင် ဆိုးဆိုးရွားရွား ရေပြတ်လပ်မည့် အန္တရာယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့ ရေမြောင်း တစ်ခုအတွင်း အပူဒဏ်သက်သာစေရန် ရေချိုးနေကြသူများကို မေ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

➪ **ကာကွယ်ရေးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များနှင့်အတူ မုံရွာခရိုင် အရာတော်မြို့နယ် မိုင်တိုင်အမှတ် (၂၀/၅)နှင့် (၂၀/၄)အကြား၌ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည့် ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာတော်မြို့နယ် ကမ်းပြုစုံပြ ကျေးရွာ ကွင်းအမှတ် (၂၆၅)၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းတင်က အရာတော်မြို့နယ် အတွင်းနှင့် ကမ်းပြုစုံပြကျေးရွာတို့၌ ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင် များကို စိုက်ပျိုးပေးကြပြီး ဒေသခံပြည်သူများ၏ ကြက်ဆူပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကမ်းပြုစုံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အရာတော် တပ်နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမိသားစုများ၏ ကြက်ဆူပင်စိုက်ပျိုး ပွဲသို့ တက်ရောက်အားပေးကြရာ အရာတော်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှုများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး စိုက်ခင်း များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ အရာတော် တပ်နယ်အနေဖြင့် ယခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်ကို ၂၃၄ ဒသမ ၅၉ကေ၌ စိုက်ပျိုးသွားမည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အရာတော် တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မင်းရွာစုံပြကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား မင်းရွာစုံပြကျေးရွာ အခြေခံ ပညာ အလယ်တန်းကျောင်း (ခွဲ)၌ ကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မှု ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းရွာစုံပြ ကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင် များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူ များ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မင်းရွာစုံပြကျေးရွာ ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ စက်ရုံသည် ဓာတ်အား ၂၅ကီလိုဝပ် ထုတ်လုပ် ပေးလျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မြင်းမူ မြို့နယ် ခွက်ခွင်းကျေးရွာ အောင်မြေဘုမ္မိကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တပဝရနှင့် ရွှေရတုတိပိဋကဓရ တိပိဋက ကောဝိဒ

ရောဝတီတံတား(ရတနာပုံ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘဒ္ဒန္တဝံသပါလာလင်္ကာရတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင် များသည် မြင်းမူမြို့နယ် ထီးဆောင်းစိုက်ကွင်း၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုး ပေးကြသည်။ အဆိုပါ ထီးဆောင်းစိုက်ကွင်း ၂၅ကေ၌ ခြံစည်းရိုးကြက်ဆူပင် သုံးသောင်းကိုစိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းမြို့နယ် ကျောက်ဘုရား ဆည်သို့ ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတပ်နယ် နယ်မြေခံတပ်ရင်း၌ကျင်းပသည့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုး ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းမြို့နယ် နုံးတွင်း(၃) တမံ တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည် များကိုမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီ တံတား(ရတနာပုံ) စစ်ကိုင်းဘက်ခြမ်း အိုးကြီးလမ်းဆုံအဝိုင်း ပြုလုပ်နေမှုနှင့် ချဉ်းကပ် လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ ရေနုတ်မြောင်းဖောက်လုပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ခြမ်းလုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများကကြိုဆို ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ လိုက်ပါလျက် ရေယာဉ်ဖြင့် ဧရာဝတီတံတား(ရတနာပုံ) တံတားအပေါ်ထည် သံပေါင်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးဘက် ခြမ်းရှိ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးငွေးမြင့်က မန္တလေး ဘက်ခြမ်းနှင့် စစ်ကိုင်းဘက်ခြမ်းတို့၌ တံတား တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧရာဝတီတံတား(ရတနာပုံ) မန္တလေးဘက်ခြမ်း ချဉ်းကပ်လမ်းဆောင်ရွက်နေမှုနှင့် တံတားအပေါ်ထည်ပိုင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရာတွင် သံပေါင်များကို စစ်ကိုင်းဘက်ကမ်း၌ ပင်မတံတားတိုင် RP 8 မှ RP 7 သို့ ၁၁၂မီတာ၊ RP 7 မှ RP 6 သို့ ၁၁၂မီတာ၊ RP 5 မှ RP 4 သို့ ၁၁၂မီတာနှင့် RP 5 မှ RP 6 သို့ ၂၂၄မီတာ စုစုပေါင်း ၅၆၃မီတာ တပ်ဆင်ထားပြီးဖြစ်ကာ မန္တလေးဘက်ကမ်းတွင်လည်း ပင်မတံတားတိုင် RP 1 မှ RP 2 သို့ ၁၁၂မီတာ၊ RP 2 မှ RP 3 သို့ ၁၁၂မီတာ၊ RP 3 မှ RP 4 သို့ ၂၂၄မီတာ၊ RP 4 မှ RP 5 သို့ ၁၀၄မီတာ တပ်ဆင်ပြီးဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံးအနေ ဖြင့် သံပေါင်တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆မီတာရှိရာတွင် ၁၁၁၈မီတာ ကို တပ်ဆင်တည်ဆောက်ပြီးဖြစ်သည်။ တံတားတစ်ခုလုံး သံပေါင်တပ်ဆင်မှု အနေဖြင့် RP 4 မှ RP 5 အကြား သံပေါင်ခုံးတံတားပြီးစီးရန် တစ်ခန်းသာကျန်ရှိ ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်–ထုံးဘို–မြစ်ငယ် ဖြတ်လမ်း(ဒွေးလမ်း)ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး ရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြေသားလုပ်ငန်းဆောင်ရွက် ထားမှုကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့၌ ညအိပ် ရပ်နားသည်။

(သတင်းစဉ်)

စားအုန်းဆီသင်္ဘောများ အဆက်မပြတ် ဝင်ရောက်လျက်ရှိ

ရန်ကုန် မေ ၉

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကိုတင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားအုန်းဆီတန်ချိန်(၂၉၀၀)ပါ MT-AMA-3 သင်္ဘောသည် မေ ၄ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ဆိုက်ကပ်ခဲ့ပြီးဖြစ်သည်။

စားအုန်းဆီတန်ချိန် ၂၀၀၀ ပါ MT-Pacific Marine သင်္ဘောသည်လည်း ယနေ့ ညနေ ၅နာရီတွင် အေးရှားဝေါလ် ဆိပ်ကမ်းသို့ ထပ်မံဆိုက်ကပ်လာရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

မေ ၁၁ရက်နှင့် မေ ၁၄ရက်များတွင်လည်း စားအုန်းဆီသင်္ဘောများ အဆက်မပြတ် ထပ်မံဆိုက်ကပ်ရန် ရှိသည်။ (သတင်းစဉ်)

စားအုန်းဆီတန်ချိန် ၂၀၀၀ MT. Pacific Marine သင်္ဘော ရန်ကုန်မြို့ အေးရှားဝေါလ် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာရာ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်း မီးသတ်ဦးစီးဌာန နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

ရန်ကုန် မေ ၉

မကွေးတိုင်း မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်း အနားကို မေ ၅ရက်တွင် မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တက်ရောက်၍ မီးသတ် တပ်ဖွဲ့နေ့ အမှာစကား ပြောကြား သည်။

အခမ်းအနားတွင် ပြင်ဦးလွင်မြို့ ဗဟို မီးသတ်သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ သည့် တန်းမြင့် မီးသတ်ပညာသင်တန်း တွင် ဆုရရှိခဲ့သော အရန်မီးသတ် တပ်ဖွဲ့ဝင်နှစ်ဦးတို့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ဇော်သိန်းနှင့် အဖွဲ့ဝင်(၁) ဦးခင်မောင်မြင့်တို့က လည်းကောင်း၊ တိုင်းအတွင်း စခန်းသန့်ရှင်း သာယာ လှပရေး ဆုရရှိသော မြို့နယ်မီးသတ် စခန်းများကို တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကျော်မြင့်သန်းက လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင် များက အသက်ကယ်စွမ်းရည်၊ အပေါ့ စားမီးသတ်စက် စွမ်းရည်နှင့် မီးသတ် စက်ကြီး စွမ်းရည်တို့ကို ပြသကြပြီး မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြသကြ ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စံပြဇကာ ၁၀၀ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ ဒေသဖွံ့ဖြိုးရေးမှ

ရောက်ရှိကြကာ စိုက်ခင်းအတွင်းရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူ တိုက်ရိုက်မျိုးစေ့ချ ပျိုးပင် ၂၄၀၀၀၀နှင့် ကိုင်းစနစ်ပျိုးပင် ၁၂၀၀၀၀ ပျိုးထောင်ထားမှုနှင့် ခြံစည်းရိုးကြက်ဆူပင်အပင်၅၀၀၀ သုတေသနစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့၏ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်သို့ရောက်ရှိပြီး စေတီတော်အတွင်း ပူဇော်ထားရှိသည့် အထက်ပစ္စယာဂန္ဓကုဋိတိုက်၌ကိန်းဝပ်စံပယ်တော်မူမည့် ယခင် ပတ္တမြားမျက်ရှင်ဆင်းတုတော်နှင့်ပုံစံတူ ရွှေစင်ပတ္တမြား မျက်ရှင်ဆင်းတုတော်၊ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်နှင့် ပုံစံတူများဖြစ်သော ပတ္တမြားမျက်ရှင်စေတီတော်နှင့် နီလာစေတီတော်တို့ကို ဖူးမြော်ကြည်ညိုကာ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စေတီတော်အတွင်း ရေးဆွဲထားသော ဗုဒ္ဓဝင်ပန်းချီကားများနှင့် မြန်မာမှုလက်ရာများကို ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုး–သီပေါ–ကျောက်မဲ–နောင်ချိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး သီပေါမြို့အဝင် ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားထိပ်သို့ ရောက်ရှိရာ ကျောက်မဲမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာပြီး သီပေါမြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ် ကုမ္ပဏီလီမိတက် တိုးဂိတ်ရှင်းလင်းဆောင်သို့ရောက်ရှိကာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ကျောက်မဲခရိုင်၏ဒေသဖွံ့ဖြိုးရေးဆိုင်များ မေးမြန်းပြီး အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများကို စေတနာအပြည့်အဝထား၍ အကျင့်ကောင်း၊ ဉာဏ်ကောင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြရန်လိုကြောင်း။

ဒေသခံတိုင်းရင်းသားပြည်သူများသာမက အထက်ဌာနဆိုင်ရာ တာဝန်ရှိသူများကပါ ယုံကြည်စိတ်ချအားကိုးအားထားပြုနိုင်အောင် အစဉ်ကြိုးပမ်းနေရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ခံများသာမကဘဲ အောက်ခြေအဆင့်ဝန်ထမ်းများအထိ အသိတရားရှိရှိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရေး အသိပညာပေးစည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် သီပေါ–နောင်ချိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး နောင်ချိုမြို့နယ်မိုင်တိုင်(၈၄/၀)မိုင်ရှိအေးရှားဝေါလ် ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသော သံကူကွန်ကရစ်အမျိုးအစား အုတ်တွင်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် တံတားတည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာဦးချစ်ထွန်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လုပ်ငန်းများသတ်မှတ်ချိန်မီ ပြီးစီးရေး၊ စံချိန်စံညွှန်းမီတည်ဆောက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ရောက်ရှိပြီး မေ ၈ရက်တွင် မန္တလေးမြို့မှတစ်ဆင့် နေပြည်တော်မြို့တော်သို့ ညနေပိုင်းတွင်ရောက်ရှိသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု ဟောပြောပို့ချ

ရန်ကုန် မေ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြုလုပ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၂၀)မှ သင်တန်းသား ၁၀၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၀

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် ဧပြီ ၂၀ ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ်(စ်)တာဂျာ၊ဟောလိုနင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တီတွတ်စံပြကျေးရွာခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ကြက်ဆူပင်စိုက်ပျိုးပွဲ ပြည်မြို့တွင်ကျင်းပ

ရန်ကုန် မေ ၉

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားတွင် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်မှ ကျောင်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။ ထို့နောက် ဗိုလ်မှူးချုပ်လှမင်းသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ဇကာ ၁၀၀

ဆက်လက်၍ ပြည်မြို့နယ်ရှိ ထမ္ဘကောက်ကျေးရွာအုပ်စု တီတွတ်စံပြကျေးရွာအနီး ကွင်းအမှတ်(၃၈၂)တွင် ဇကာ ၁၀၀ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်နိုင်နိုင်မော်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ်မှ မိသားစုဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်လှမင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်နိုင်နိုင်မော်တို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ်မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များအားဖြန့်ဝေပေးပြီး သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးပေးကြသည်။

အဆိုပါ ထမ္ဘကောက်ကျေးရွာ အုပ်စု ကွင်းအမှတ်(၃၈၂)၌ တီတွတ်စံပြကျေးရွာအနီး မြေလွတ်ဇကာ ၁၇၅၀ကို တစ်ဆက်တစ်စပ်တည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

အမေရိကန်နိုင်ငံဖလော်ရီဒါကမ်းခြေ ဆာရာဆိုတာပင်လယ်အော်တွင် ကျက်စားသော လင်းပိုင်များကို သုံးနှစ်ကြာအောင် လေ့လာသုတေသနပြုပြီးနောက် အထက်ပါတွေ့ရှိချက်ကို ဖော်ထုတ်တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုလေ့လာမှုများကို စိန့်အင်ဒရူးတက္ကသိုလ်ရှိ ပင်လယ်နေနို့တိုက်သတ္တဝါများဌာနမှ ပညာရှင်ဒေါက်တာဗင်ဆင်ဂျားနစ်နှင့်အဖွဲ့က ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယခုတွေ့ရှိချက်သည် လွန်စွာမှ စိတ်ဝင်စားဖွယ်ရာကောင်းသည်။ လူသားများတွင် ပိုင်ဆိုင်ထားသော အမည်သညာအမှတ်အသားသဘော၊ ဘာသာစကားအသုံးအနှုန်းသဘောများကို လင်းပိုင်များ၌လည်း ပိုင်ဆိုင်ထားကြသည်ကို တွေ့ရ၍ လွန်စွာမှ အံ့သြမိကြောင်းဒေါက်တာဗင်ဆင်ဂျားနစ်ကပြောကြားသည်။

ထိုသတ္တဝါကြီးများသည် တစ်ကောင်နှင့်တစ်ကောင်အခေါ်အပြောပြုလုပ်ရာတွင် လေချွန်သံသဖွယ်အသံများကိုပြုကာ ဆက်သွယ်ကြသည်။ ထိုအသံများတွင် အမည်အမှတ်အသားသဘောများပါနေသည်ကိုတွေ့ကြရသည်။ ယင်းလင်းပိုင်များ၏ခေါ်ဆိုသံများကို ကွန်ပျူတာဖြင့်တုပရယူပြီးနောက် လွှင့်ထုတ်ပေးသောအခါ ၎င်းတို့က ပြန်လည်တုံ့ပြန်ကြသည်ကို သိရှိကြရသည်ဟုဆိုသည်။ ထိုအချက်ကပင် အမည်သညာရှိခြင်း၊ ဘာသာစကားရှိခြင်းကိုဖော်ပြနေသည်ဟုဆိုသည်။ ယင်းတွေ့ရှိချက်များကို အမေရိကန်ထုတ် သဘာဝသိပ္ပံအကယ်ဒမီဂျာနယ်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ သူနာပြုအသင်း

၂၀၀၆ ခုနှစ်

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့

Safe Staffing Saves Lives

ပြုစုအင်အားပြည့်ဝမှ – လုံခြုံစိတ်ချပြည်သူ့ဘဝ

၂၀၀၆ ခုနှစ် မေလ(၁၂)ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)



မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲနှင့် သက်တန်းအလိုက် လူငယ်စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်က ကျင်းပပြီး နာယကဦးဝင်းအောင် မန်နေဂျင်းဒါရိုက်တာ AHK Products Co., Ltd.မှ ငွေကျပ်၁၀သိန်း လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လက်ခံယူစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှစ်ပေါင်းတစ်ရာကာလ၏ အားနည်းချက်နှင့် အားသာချက်များကို ပြ
နှစ်ပေါင်းတစ်ထောင်မက ကာလကြာသည်အထိ တိုးတက်လုပ်

❁ **ရှေ့ဖုံးမှ**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးဗိုလ်နီတို့က ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမျိုးသားဓာတ်ရုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားပထမပိုင်းကို အမျိုးသားဓာတ်ရုံအတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးဗဟိုနာယက အဖွဲ့ဝင်များ၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ အသင်းသား၊ အသင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆရာကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နယ်ချဲ့ဗြိတိသျှအစိုးရက မိမိတို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီး မြန်မာတိုင်းရင်းသားအားလုံးကို သူ့လက်အောက်ခံ ကျွန်ပမာ နှိမ့်ချအုပ်ချုပ်ခဲ့သည့်အတွက် သူ့ကျွန်ဘဝလုံးလုံးကျရောက်ခဲ့ရပြီး (၂၁)နှစ်ကြာ ၁၉၀၆ခုနှစ် မေ ၁၀ရက်တွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီးများဖြစ်ကြသည့် ဦးဘဖေ၊ ဦးမောင်ကြီးနှင့် ဦးဘရင်တို့က ရန်ကုန်မြို့ အမှတ်(၈၆)၊ (၂၈)လမ်းနေ ဦးမောင်ကြီး(ဆာမောင်ကြီး)၏ နေအိမ်၌ (Young Men Buddhist Association) အတိုကောက်အားဖြင့် (YMBA)ခေါ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးဗိုလ်နီတို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ် (၁၀၀)ပြည့် ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အသင်းကြီး၏ အဓိကရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ တိုးတက်ပြန့်ပွားရေးပင်ဖြစ်ပါကြောင်း၊ ယင်းမွန်မြတ်သည့် ရည်ရွယ်ချက်များသည် သူ့ကျွန်ဘဝတွင်နေရသည့် မြန်မာတစ်မျိုးသားလုံးအတွက် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရာ မီးရှူးတန်ဆောင်ပမာ လမ်းပြခဲ့ခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးအတွက်လှုပ်ရှားခဲ့

အမျိုးကိုချစ်ပါ၊ ဘာသာရေးကို လေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကို အားပေးပါဆိုသည့် အသင်းကြီး၏ ကြွေးကြော်သံသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲအသည်းထဲကို စိမ့်ဝင်ပျံ့နှံ့သွားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တိုက်ပွဲဝင်ရန် မြန်မာတိုင်းရင်းသားမျိုးချစ်လူငယ် ထောင်ပေါင်းများစွာတို့ကို မျက်စိ၊ နား ဖွင့်ပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် (GCBA)ခေါ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အသင်းချုပ်ကြီး၊ ဝံသာနုအဖွဲ့၊ ကုမ္မာရီအသင်း စသည်ဖြင့် အမြို့မြို့အနယ်နယ်တွင် အသင်းအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပြီး လွတ်လပ်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့ကြကြောင်း။

၁၉၁၀ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အစည်းအဝေးကို ရန်ကုန်မြို့နှင့် နယ်အသီးသီးတွင် ကျင်းပပြီး အသင်းခွဲများ ဖွဲ့စည်းလာခဲ့ကြောင်း၊ ထိုကာလတွင် သူ့ကျွန်မခံလိုသည့် လူငယ်လူရွယ်များသည် အသင်းအဖွဲ့အချင်းချင်း ဆက်သွယ်ပူးပေါင်းပြီး လွတ်လပ်ရေးရရှိရန် ဆုံးဖြတ်စည်းရုံးခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း “လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေ”ကဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း။

၁၉၁၇ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးနှင့် အသင်းခွဲများ ပူးပေါင်းပြီး ပျဉ်းမနားမြို့၌ ကွန်ဖရင့်ကြီးတစ်ရပ် ကျင်းပကာ ပြည်သူတို့၏ လိုလားချက်များကို ဗြိတိသျှအစိုးရထံ တင်ပြအရေးဆိုခဲ့ကြကြောင်း၊ အသင်းခေါင်းဆောင်ကြီးများဖြစ်ကြသည့် ဦးဘဖေ၊ ဦးမေအောင်၊ ဦးဖေနှင့် ဦးပုတို့သည် ၁၉၁၇ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အိန္ဒိယသို့သွားပြီး အတွင်းဝန် မွန်တေဂူနှင့် တွေ့ဆုံကာ နိုင်ငံအကျိုးအတွက် အချက်(၉)ချက် တင်ပြတောင်းဆိုခဲ့ကြောင်း၊ ထိုအချက်များထဲတွင် မြန်မာနိုင်ငံ၌ အဆင့်အတန်းမီ တက္ကသိုလ်ကျောင်းတစ်ခု ဖွင့်လှစ်ပေးရန် အချက်တစ်ချက်ပါဝင်ကြောင်း။

၁၉၁၈ခုနှစ် မေ ၁၉ရက်တွင် ဝိုင်အမ်ဘီအေအသင်းကြီးက ဗြိတိသျှများ အပါအဝင် နိုင်ငံခြားသားများ ဘုရားစေတီပုထိုးများ၌ဖိနပ်စီးခြင်းကို အပြင်း

❒ အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်နှင့်အညီ တစ်မျိုးသားလုံးအတွက် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး စသည့် မွန်မြတ်သောလုပ်ငန်းများကို လာမည့် နှစ်ပေါင်း ထောင်ကျော်မက ဆက်လက်လုပ်ဆောင်။

အထန်ကန့်ကွက်ခဲ့ကြောင်း၊ ရွှေတိဂုံစေတ
ဘုရားဖူးများမဝင်ရဟု ဗြိတိသျှများက တ
ကန့်ကွက်တောင်းဆိုခဲ့ကြကြောင်း။

၁၉၂၁ခုနှစ် အောက်တိုဘာလတွင်
ကျင်းပပြီး မြန်မာနိုင်ငံအနေဖြင့် ဒိုင်အာ
မကျေနပ်နိုင်ကြောင်း၊ ဒိုင်အာခီကို သပ
အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြောင်း။

ကျွန်ဘဝ၌ အမျိုးသားပညာရေး နိမ့်
ဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ်
အသင်းချုပ်ကွန်ဖရင့်ကျင်းပပြီး အင်္ဂလိပ်
ရေးဖြစ်သည့် အင်္ဂလိပ်အစိုးရအထောက်အ
အမျိုးသားကျောင်း(National School)
နိုင်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးသည့်အ
(တရားလွှတ်တော် တရားရေးဝန်ကြီး)က
လွတ်လပ်ရေးရသည်အထိ စည်းရုံးလှု
“နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ”ကဟူ၍လ
ရကြောင်း။

နယ်ချဲ့ကိုဆ

ဝိုင်အမ်ဘီအေအသင်းကြီးသည် အ
ဦးဆောင်စည်းရုံး ပျိုးထောင်ပေးလာနိုင်ခဲ့
စိုးမိုးချုပ်ချယ် လွှမ်းမိုးခဲ့သော နယ်ချဲ့အစိုးရ
အထိ အထောက်အကူပြုပေးနိုင်ခဲ့ကြော
တစ်ဖက်ကလည်း **“အမျိုးကိုချစ်**
သာသနာကို ချီးမြှင့်ပါ၊ ပညာကို အားပေး
တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စ
ကြိုးပမ်းလာခဲ့သည်ကို တွေ့ရှိရကြောင်း
မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့်
ဝိုင်အမ်ဘီအေအသင်းကြီးက မျိုးဆက်
(၃၈)ဖြာမင်္ဂလာစာမေးပွဲကို ဖြေဆိုစေပြီး
ကြိုဆိုခဲ့ခြင်းသည် ဤအသင်းကြီး၏
အစဉ်အလာကြီးတစ်ရပ်အဖြစ် ယနေ့တို

အလိမ္မာပညာ

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလ
ဆက်စပ်ခြင်းမရှိတော့ဘဲ အမျိုး၊ ဘာသာ
ကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့
မောင်မယ်များအား အတတ်ပညာကို လိုရ
ပေးသော အလိမ္မာပညာများရရှိစေရန် န
တွေ့ရကြောင်း၊ မျိုးဆက်သစ်လူငယ်က
စာရိတ္တ ဖွံ့ဖြိုးရင့်သန်စေလိုသည့် ရည်မှ
မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲမျ
အတိုင်းအတာဖြင့် ကျင်းပလာခဲ့သည်ကို တေ
မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွ
ရှိခဲ့သည့်အတွက် နိုင်ငံနှင့်လူမျိုးအတွက်
ဖြစ်ကြောင်း။

ထို့အပြင် ၁၉၆၇ခုနှစ်က စတင်ခဲ့
သင်တန်းသည်လည်း (၃၆)ကြိမ်မြောက်အ
အခြေခံ ခိုင်မာသူများအား အသိဉာဏ်
ဖြစ်လာအောင် ကူညီစွမ်းဆောင်နိုင်ခဲ့ခြင်းသ
ဖြစ်သည့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပ
တိတိကျကျ အကောင်အထည်ဖော်နို
ဖြစ်ကြောင်း။

သာသနာတော်ထွန်း

ဝိုင်အမ်ဘီအေအသင်းကြီးသည် ဗု
ပြန့်ပွားရေးနှင့် ပတ်သက်၍ ထူးခြား
တင်နိုင်လောက်သည်အထိ ထမ်းဆောင်ခဲ့
လွန် ဆဋ္ဌသင်္ဂါယနာအကြို ပြင်ဆင်မှုက
ဖြန့်ချိရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ပိဋကဋ
မြန်မာပြန်များ ထုတ်ဝေရေးတို့ကို ဆော
ပိဋကတ်ကျမ်းစာအုပ် ၂၈အုပ်ကို ဦးစီးကျ
အဖွဲ့ကြီးသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်
ဗုဒ္ဓဘာသာကလေးသူငယ်များ နှလုံးသား
ချက်များမှာ ဝိုင်အမ်ဘီအေ ရုပ်စုံဗုဒ္ဓဝင်ပ
ဘာသာ ပြန်ဆိုထုတ်ဝေနိုင်ခြင်းကိုလည်
ဖြစ်ကြောင်း၊ မင်္ဂလာတရားတော်စာပေ
ထင်ရှားသော ဆရာတော်ကြီးများနှင့်
မင်္ဂလာအမြုတေ၊ မင်္ဂလသုတ်လက်စွဲ၊ အ

အထန်ကန့်ကွက်ခဲ့ကြောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်ဘက်မုခ်ကို ဘုရားဖူးများမဝင်ရဟု ဗြိတိသျှများက တားမြစ်ထားခြင်းကို ဗြိတိသျှအစိုးရထံ ကန့်ကွက်တောင်းဆိုခဲ့ကြကြောင်း။

၁၉၂၁ခုနှစ် အောက်တိုဘာလတွင် (GCBA) ဒုတိယအကြိမ် ကွန်ဖရင့်ကျင်းပပြီး မြန်မာနိုင်ငံအနေဖြင့် ဒိုင်အာခီဆိုသည့် ပူးတွဲအုပ်ချုပ်ရေးရရုံနှင့် မကျေနပ်နိုင်ကြောင်း၊ ဒိုင်အာခီကို သပိတ်မှောက်ပြီး "ဟုမ္မရူး" ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြောင်း။

ကျွန်ဘဝ၌ အမျိုးသားပညာရေး နိမ့်ကျနေသည်ကိုမရှုရက်နိုင်၍ ဝိုင်အမ်ဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်တွင် ဂျူဗလီဟော၌ အသင်းချုပ်ကွန်ဖရင့်ကျင်းပပြီး အင်္ဂလိပ်အစိုးရ၏ ကျွန်သက်ရှည်ရေး ပညာရေးဖြစ်သည့် အင်္ဂလိပ်အစိုးရအထောက်အပံ့ ကျောင်းများအဖြစ်က နုတ်ထွက်ပြီး အမျိုးသားကျောင်း(National School)များ အများအပြား စည်းရုံးထူထောင်နိုင်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးသည့်အခါ သတိုးသီရိသုဓမ္မ ဦးသိန်းမောင် (တရားလွှတ်တော် တရားရေးဝန်ကြီး)က အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လွတ်လပ်ရေးရသည်အထိ စည်းရုံးလှုပ်ရှား ဆောင်ရွက်ခဲ့သည့်အတွက် "နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ"ကဟူ၍လည်း ပြောစမှတ်ပြုကြသည်ကို တွေ့ရှိရကြောင်း။

အဘိဓမ္မာသင်တန်းနှင့်ဆက်စပ်၍ ဝိုင်အမ်ဘီအေ အဘိဓမ္မာစေတသိက်များပို့ချချက်၊ ဝိုင်အမ်ဘီအေ အဘိဓမ္မာ ရုပ်ပိုင်းပို့ချချက် စသည်အားဖြင့် ဖြန့်ဝေနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာစာပေ ပြန့်ပွားထွန်းကားရေးအနေဖြင့် ၁၉၁၂ခုနှစ်က ရန်ကုန်မြို့ စဥ့်အိုးတန်းလမ်းနေ ပွဲစားကြီးဦးမောင်ကြီးက ဘီအိုစီကုမ္ပဏီအစုရှယ်ယာများ ဝယ်ယူပြီး ရရှိသောအတိုးအမြတ်ငွေများဖြင့် ပရိယတ္တိသာသနာတော်နှင့် မြန်မာစာပေ တိုးတက်ပြန့်ပွားရေးအတွက် လှူဒါန်းခဲ့၍ ယနေ့ကာလတွင် (၁၅)ကြိမ်မြောက် လှူဒါန်းနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် မြန်မာငွေကျပ် သိန်းသုံးရာ့လေးဆယ်နီးပါး၊ အက်ဖ်အီးစီ သုံးသောင်းခြောက်ထောင်ကျော်ရှိသည့်အတွက် သာဓုအကြိမ်ကြိမ်ခေါ်ကြရကြောင်း၊ ထူးခြားထင်ရှားသော ပရိယတ္တိကျောင်းတိုက်ကြီးများကို နှစ်စဉ်လှူဒါန်းခဲ့သည့်အပြင် အသိပညာပေးစာပေပြိုင်ပွဲများ၊ စာအုပ်စာစောင်များ ထုတ်ဝေနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားမှုမှာ ၁၉၆၉ခုနှစ်က စတင်ထုတ်ဝေလာခဲ့သည့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအကျိုးပြု"ရတနာမွန်" ဓမ္မစာပေမဂ္ဂဇင်းပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် "ရတနာမွန်" မဂ္ဂဇင်းအပြင် ၂၀၀၄ခုနှစ် နိုဝင်ဘာလက စတင်ပြီး လူငယ်မျိုးဆက်သစ်များ ထေရဝါဒ ဗုဒ္ဓဘာသာအသိနှင့်အကျင့် တိုးတက်ရေးအတွက် "မနောသုခ"မဂ္ဂဇင်းကိုပါ ထုတ်ဝေလာခဲ့သည်မှာအသင်းကြီး၏ တည်ငြိမ်ခိုင်ခံ့သော စွမ်းဆောင်ရည် တစ်ခုဟု ထုတ်ဖော်ချီးကျူးရမည်ဖြစ်ကြောင်း။

သာချက်များကို ပြန်လည်လေ့လာဆန်းစစ် သင်ခန်းစာယူ
ိ တိုးတက်လုပ်ဆောင်နိုင်အောင် ကြိုးဆောင်အားမွေး

နယ်ချဲ့ကိုဆန့်ကျင်

ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေး ဇာတိအားမာန်တို့ကို ဦးဆောင်စည်းရုံး ပျိုးထောင်ပေးလာနိုင်ခဲ့သည့်အတွက် တစ်မျိုးသားလုံးအပေါ် စိုးမိုးချုပ်ချယ် လွှမ်းမိုးခဲ့သော နယ်ချဲ့အစိုးရကို ဆန့်ကျင်ပြီး လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုပေးနိုင်ခဲ့ကြောင်း။

တစ်ဖက်ကလည်း **"အမျိုးကိုချစ်ပါ၊ ဘာသာရေးကို လေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကို အားပေးပါ"**ဆိုသည့် ကြွေးကြော်သံများဖြင့် တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားလာအောင် အားထုတ်ကြိုးပမ်းလာခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ဝိုင်အမ်ဘီအေအသင်းကြီးက မျိုးဆက်သစ် ကျောင်းသားကလေးများအား (၃၈)ဖြာမင်္ဂလာစာမေးပွဲကို ဖြေဆိုစေပြီး မြန်မာ့လွတ်လပ်ရေးအောင်ပွဲကြီးကို ကြိုဆိုခဲ့ခြင်းသည် ဤအသင်းကြီး၏ ထူးခြားမြတ်နိုးဖွယ်ကောင်းသော အစဉ်အလာကြီးတစ်ရပ်အဖြစ် ယနေ့တိုင် တည်ရှိလာခဲ့ကြောင်း။

အလိမ္မာပညာဖြန့်ဝေ

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလမှ စတင်ပြီး နိုင်ငံရေးလုပ်ငန်းများနှင့် ဆက်စပ်ခြင်းမရှိတော့ဘဲ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးလုပ်ငန်းများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့သည့်အတွက် မျိုးဆက်သစ်လူငယ် မောင်မယ်များအား အတတ်ပညာကို လိုရာရောက်အောင် ထိန်းကျောင်းကွပ်ကဲပေးသော အလိမ္မာပညာများရရှိစေရန် နှစ်စဉ်အားပေး ဖြန့်ဝေလာခဲ့သည်ကို တွေ့ရကြောင်း၊ မျိုးဆက်သစ်လူငယ်ကလေးများ၏ ယဉ်ကျေးမှုနှင့် ဘာသာ၊ စာရိတ္တ ဖွံ့ဖြိုးရင့်သန်စေလိုသည့် ရည်မှန်းချက်နှင့် ၁၉၄၉ခုနှစ်မှ စတင်ပြီး မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများ ယနေ့အထိ နှစ်စဉ် တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျင်းပလာခဲ့သည်ကို တွေ့ရပြီး ၂၀၀၄ခုနှစ် (၅၅)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ငါးသောင်းခန့်ရှိခဲ့သည့်အတွက် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအားရ ကျေနပ်ဖွယ်ရာဖြစ်ကြောင်း။

ထို့အပြင် ၁၉၆၇ခုနှစ်က စတင်ခဲ့သည့် အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းသည်လည်း (၃၆)ကြိမ်မြောက်အထိ ဆောင်ရွက်နိုင်ခဲ့ပြီး ယဉ်ကျေးမှုအခြေခံ ခိုင်မာသူများအား အသိဉာဏ်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာအောင် ကူညီစွမ်းဆောင်နိုင်ခဲ့ခြင်းသည် အသင်းကြီး၏ မူလရည်ရွယ်ရင်းဖြစ်သည့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ မြင့်တင်ရေးလုပ်ငန်းစဉ်များကို တိတိကျကျ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်၍ ကျေနပ်အားရစရာဖြစ်ကြောင်း။

သာသနာတော်ထွန်းကားပြန့်ပွားရေး

ဝိုင်အမ်ဘီအေအသင်းကြီးသည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ပတ်သက်၍ ထူးခြားပြောင်မြောက်စွာ သမိုင်းမှတ်တမ်းတင်နိုင်လောက်သည်အထိ ထမ်းဆောင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ၁၉၅၀ပြည့်လွန် ဆဋ္ဌသင်္ဂါယနာအကြို ပြင်ဆင်မှုကာလများတွင် ဝိုင်အမ်ဘီအေ စာပေဖြန့်ချိရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ပိဋကတ်တော်သန့်ရှင်းရေး၊ ပိဋကတ်တော်မြန်မာပြန်များ ထုတ်ဝေရေးတို့ကို ဆောင်ရွက်ခဲ့ပြီး တိုက်ဆိုင်စိစစ်ပြီးသော ပိဋကတ်ကျမ်းစာအုပ် ၂၈အုပ်ကို ဦးစီးကျင်းပရေးတာဝန်ယူသည့် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယနေ့ကာလအထိ ဗုဒ္ဓဘာသာကလေးသူငယ်များ နှလုံးသားထဲအထိ စွဲနစ်နိုင်စေသည့် လုပ်ဆောင်ချက်များမှာ ဝိုင်အမ်ဘီအေ ရုပ်စုံဗုဒ္ဓဝင်ပန်းချီစာအုပ်ပင်ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေနိုင်ခြင်းကိုလည်း ဝမ်းမြောက်စွာ သာဓုခေါ်ဆိုရမှာဖြစ်ကြောင်း၊ မင်္ဂလာတရားတော်စာပေများအနေဖြင့်လည်း ကျမ်းဂန်တတ်ထင်ရှားသော ဆရာတော်ကြီးများနှင့် ဆရာတော်ကြီးများ ရေးသားသည့် မင်္ဂလာအမြုတေ၊ မင်္ဂလသုတ်လက်စွဲ၊ အခြေပြုမင်္ဂလသုတ်၊ နည်းပြမင်္ဂလာ၊

ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်ပေါင်းတစ်ရာကာလအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် ကဏ္ဍအသီးသီး၊ ရှုထောင့်အစုံစုံမှ ရပ်တည်လုပ်ဆောင်ခဲ့သည်များကို တစ်ခုစီပြောရလျှင် ကုန်နိုင်ဖွယ်မရှိကြောင်း။

အထောက်အကူပြု

ယနေ့နိုင်ငံတော်က အမျိုးသားရေးဦးတည်ချက်အဖြစ် ချမှတ်လုပ်ဆောင်နေသည့် လူမှုရေးဦးတည်ချက်(၄)ရပ်စလုံး၌ အကျုံးဝင် အထောက်အကူပြုနေသည်ကိုလည်း အားရဝမ်းသာစွာ တွေ့ရှိရကြောင်း။

- **တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊**
- **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

ဆိုသည့် အမျိုးသားရေး ဦးတည်ချက်များသည် နိုင်ငံတကာအလယ်တွင် သိက္ခာရှိရှိ၊ ထူးထူးချွန်ချွန်၊ ထက်ထက်မြက်မြက် ရပ်တည်နိုင်ရေးကို ရှေးရှုနေခြင်းဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာတစ်ပြည်လုံး အခြေခံပညာ အထက်တန်းအဆင့် ထူးချွန်သူများကို အားပေးချီးမြှောက်ခြင်း၊ 'ဘဝတွက်တာ သိမှတ်စရာ' မိခင်နှင့်ကလေးကျန်းမာရေး သင်တန်းများဖွင့်လှစ်ပေးခြင်း၊ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကာကွယ်ရေး ပညာပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း စသည့် နိုင်ငံ့အကျိုးပြု လုပ်ငန်းများကိုလည်း ပူးတွဲထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ အသင်းကြီး၏ မွန်မြတ်သော လုပ်ငန်းစဉ်များကို အစဉ်အဆက် တာဝန်ကျေပွန်စွာ ပခုံးပြောင်းထမ်းရွက်လာနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်းတစ်ရာတိတိ ကာလဆီသို့ ရောက်လာခဲ့ပြီဖြစ်ကြောင်း။

ကြုံတွေ့ခဲ့ရ

နှစ်ပေါင်းတစ်ရာကာလအတွင်း အသင်းကြီး၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြသည့်အခါတွင် အခြေအနေအချိန်အခါကောင်း၊ စေတနာသဒ္ဓါ၊ လုံ့လအင်အားကောင်းများနှင့် ကြုံဆုံခွင့်ရသည့်အခါ၌ ရလဒ်ကောင်းများကို ရရှိခဲ့ကြသကဲ့သို့ အခြေအနေအချိန်အခါမသင့်၍ စေတနာသဒ္ဓါ၊ လုံ့လအင်အား ချွတ်ယွင်းမှုရှိခဲ့သည့်အခါမှာလည်း အားနည်းသိမ်ငယ်သော ရလဒ်များဖြင့် ကြုံတွေ့ခဲ့ကြရသည်မှာ ဓမ္မတာဖြစ်ကြောင်း။

မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းတစ်ရာကာလတိုင် ကြံ့ခိုင်တည့်တံ့ပြီး လုပ်ငန်းစဉ်များကို အခြေအနေအချိန်အခါပေးသမျှ စွမ်းအားရှိသလောက် လုပ်ဆောင်ခွင့် ရရှိခဲ့ကြသည်မှာ လွန်စွာကျေနပ်အားရ ဝမ်းမြောက်ဖွယ် ကောင်းလှကြောင်း၊ နှစ်ပေါင်းတစ်ရာကာလ၏ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်လေ့လာဆန်းစစ် သင်ခန်းစာယူပြီး နှစ်ပေါင်းတစ်ထောင်မက ကာလကြာသည်အထိ တိုးတက်လုပ်ဆောင်နိုင်အောင် ကြိုးဆောင်အားမွေးကြရမည်ဖြစ်ကြောင်း။

ဤအသင်းကြီးတွင် ခေတ်အဆက်ဆက်က အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၊ ဘိုးဘွားမိဘများ အားလုံးတို့အား ဤအခမ်းအနားကြီးမှနေလျက် ပူဇော်ဂုဏ်ပြုကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းလိုကြောင်း။

အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်နှင့်အညီ တစ်မျိုးသားလုံးအတွက် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး စသည့် မွန်မြတ်သောလုပ်ငန်းများကို လာမည့် နှစ်ပေါင်းထောင်ကျော်မက ဆက်လက် လုပ်ဆောင်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဥက္ကဋ္ဌ ဦးဗိုလ်နီက နှစ်ပေါင်း(၁၀၀)ပြည့်ပြီဖြစ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအစီအစဉ်အဖြစ် (၅၇)ကြိမ်မြောက် ဗုဒ္ဓဝင်နှင့်မင်္ဂလာစာမေးပွဲ အောင်မြင်ပြီး မင်္ဂလာစာသင်ဆု ရရှိထားသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သော အကြီးတန်းမှ မစုဇင်ဇင်စိုး (မြို့မ ဓမ္မရိပ်သာကျောင်း ရှင်ပင်ဘုန်းပွင့်လမ်း ပုသိမ်မြို့ ဧရာဝတီတိုင်း)၊ မောင်ထွန်းထွန်းမင်း (ပရဟိတမြို့ ရွှေကျောင်း မြန်အောင်မြို့ ဧရာဝတီတိုင်း)၊ မောင်ဖြိုးပြည့်စုံ (ပညာတံခွန်ကျောင်း ဆုံကုန်းရွာ ဘုတလင်မြို့ စစ်ကိုင်းတိုင်း)၊ မအိသူဖြိုး(ပင်လယ်တိုက် ရွှေမန်းအုပ်ကျောင်းဝင်း၊ ၆၇/၆၈လမ်းကြား မန္တလေးမြို့)နှင့် မဝတ်ရည်ဖြိုး (ဇင်ပြွန်းကုန်းကျောင်း ခြောက်အိမ်တန်းကျေးရွာ အိမ်မဲမြို့နယ် ဧရာဝတီတိုင်း)တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မခေတ္တရာကြည် (ဇေတဝန်ကျောင်း ပန်းတိမ်းမြို့ဟောင်း ငဖဲမြို့ မကွေးတိုင်း)၊ မဝင်းပပခိုင် (မဟာရုံကျောင်း စကားမြားကျေးရွာ မြောင်းမြမြို့ ဧရာဝတီတိုင်း)၊ မဟေမာလွင် (အထက ငါးသိုင်းချောင်း)၊ မမြတ်မွန်အေး(အထက ရေကြည် ဧရာဝတီတိုင်း)နှင့် မဝါဝါထွန်း(သော်ကမြောင် မျိုးဆက်သစ်လူငယ်ပရဟိတကျောင်း မွန်ပြည်နယ်)တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၉ မှ

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလတ်တန်းမှ မောင်သန့်ဇင်လှိုင်(လေတပ် မြစ်ကြီးနားမြို့)၊ မောင်လလင်းအောင်(တောင်စွန်းဘီးလင်းမြို့)၊ မနှင်းမာ(ဆုံကုန်းရွာ ဘုတလင်မြို့)၊ မလှယမင်းဖြိုး(အလက-၁၊ ပုသိမ်မြို့)၊ မောင်ဇော်ဝင်းထွန်း (ကြာတော်ညောင်ချောင်းရွာ အိမ်မဲမြို့)၊ မအေးဇင်မြင့် (စကားမြားကျေးရွာ မြောင်းမြမြို့)၊ မောင်စည်သူအောင် (သပြေကုန်း မြန်အောင်မြို့)၊ မချောစုမာ (အမက အင်းတိုင်ညောင်ဦးမြို့)၊ မရွှေစင်ဆု (အထက-၄၊ ဗိုလ်တထောင်)နှင့် မဝင်းပပ (ခုနစ်အိမ်တန်း မအူပင်မြို့)တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အငယ်တန်းမှ မစုရွှေရည်ဝင်း (အထက မြန်အောင်)၊ မအိအိဖြူ (ဆုံကုန်းရွာ ဘုတလင်မြို့)၊ မကြည်ကြည်မေ (ခြောက်အိမ်တန်းကျေးရွာ အိမ်မဲမြို့)၊ မောင်သိန်းစိုးအောင် (သော်ကမြောင်မျိုးဆက်သစ်လူငယ်ပရဟိတကျောင်း မွန်ပြည်နယ်)နှင့် မနှင်းနှင်းဝေ (အဘယရာမိကာရုံကျောင်း မြစ်ကြီးနားမြို့)တို့အား လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက မောင်ကျော်မင်းဦး(ငသရော် ကျေးရွာ ရေစကြိုမြို့)၊ မနွယ်နွယ်ဝင်း (တောင်ခွေးရဲ ဆင်မြီးဆွဲမြို့)၊ မချူးလာဖော (အင်းဖလောင်းကျေးရွာ ဘီးလင်းမြို့)၊ မောင်အိုင်ဟိန်း (ပုဗ္ဗာရုံကျောင်းတိုက် မိုးမိတ်မြို့)နှင့် မဝင်းမြတ်သီဂီ (အလက-၅၊ စစ်တွေ) တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း **(YMBA)**နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဗိုလ်မှူးကြီးစောမြင့်(အငြိမ်းစား)က မင်္ဂလာဓမ္မ ဇောတိကဓဇဘွဲ့ကို ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့်အား လည်းကောင်း၊ ဂျပန်နိုင်ငံမှ အလှူရှင် Mr. Takgi Mitsukazu အား ဂုဏ်ပြုလက်မှတ်ကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲတွင် ဆုရရှိကြသော အကြီးတန်းမှ ၁၀ဦး၊ အလတ်တန်းမှ၁၀ဦးနှင့်အငယ်တန်းမှ ၅၀ တို့အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**(YMBA)**မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးဗိုလ်နီ ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာအောင်သံဃာတော်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၉

နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကရေးရွေးချယ်ရေး စာမေးပွဲကြီးတွင် ဤအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကိုခံယူ၍ စာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသည့် မူလအာဘိဓမ္မိက(နှစ်ပုံခွဲဆောင်) (အထူးအောင်) တစ်ပါး၊ ဒီဃနိကာယကောဝိဒ(နှစ်ပုံအောင်) တစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ လေးပါး၊ ဝိနယရေ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂရေ(အထူးအောင်) သုံးပါး၊ ဥဘတောဝိဘင်္ဂရေ ၂၉ပါး စုစုပေါင်းသာသနာ့အာဇာနည်အရှင်သူမြတ် ၄၈ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီးလေးပါး၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော်ရှစ်ပါးတို့အား ကြည်ညိုပူဇော်ပွဲကို မေ ၂၈ရက်(တနင်္ဂနွေနေ့)တွင် အဖွဲ့၏ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ကြည်ညိုလှူဒါန်းပူဇော်လိုသူများသည် အကျိုးတော်ဆောင်များနှင့် အမှတ် ၁၅၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်း ရန်ကုန်မြို့ ဖုန်း- ၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ဆက်သွယ် လှူဒါန်းကြရန်နှိုးဆော်ထားသည်။(ကြေးမုံ)

တောင်ကြီးမြို့၌ အထူးဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို မေ ၁၃ ရက်မှ စတင်၍ နေ့စဉ်နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်သူ့အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး အဆိုပါ ဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူ အားပေးနိုင်သည်။

(သတင်းစဉ်)

နမိုးနီးယားရောဂါဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ Highlighton Avian Influenza ဟောပြောပွဲကို မေ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင်အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအခမဲ့ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၁၃၆၈ခုနှစ်ကဆုန်လဆန်း(၁၄)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သတ္တသတ္တာတ စံနေတော်မူခန်း (ဣန္ဒာဆွေရေးဖွဲ့ပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်။)
- ၇း၅၅ ၅။သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၂၀ ၈။ ပုလင်းရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။တေးသရုပ်ဖော်အစီအစဉ်
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ပထမနှစ် (ရူပဗေဒအထူးပြုများ) (ရူပက္ခဗေဒ)
- ၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၁၀ ၆။ မြန်မာစာမြန်မာစကား
- ၅း၂၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၃၅ ၈။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)**
- ၅း၄၀ ၉။ ကဆုန်လပြည့်နေ့တေးများ
- ၅း၅၀ ၁၀။ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၇း၂၀ ၁၅။ မြို့နယ်လုံးကျွတ်ဆင်နွဲရွှေဘိုမြို့ ကဆုန်ညောင်ရေသွန်းပွဲ
- ၇း၃၀ ၁၆။ အဆိုပြိုင်ပွဲ
- ၇း၃၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇း၄၅ ၁၈။ ဘက်စုံတိုးတက်တို့ကျေးလက် (မိုင်းသောက်စံပြကျေးရွာ)
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း)(၂) (ဣန္ဒာဆွေ စီစဉ်ရေးဖွဲ့ပူဇော်သည်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေး သင်တန်းအမှတ်စဉ် (၈/၂၀၀၆)ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေးသင်တန်း အမှတ်စဉ် (၈/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့် ဌာနမှူးများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ သင်တန်းသား များတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်း ခိုင်မာသည့် အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းက ပို့ချဆွေးနွေးလိုက်သည့်အကြောင်းအရာများကို လက်တွေ့နယ်ပယ်တွင်အသုံးချပြီး မိမိတို့၏ ဘဝတူ စစ်မှုထမ်းဟောင်းများနှင့် ပြည်သူများအား စည်းရုံးသွားကြရန် ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ကြီး (၅) ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း) က သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင် သင်တန်းသား စုစုပေါင်း ၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ကွတ်ခိုင်မြို့နယ်မှ လူကုန်ကူးခံရသူ အမျိုးသမီးငယ်နှစ်ဦးအား ကယ်တင်စောင့်ရှောက်နိုင်

ရန်ကုန် မေ ၉

ကွတ်ခိုင်မြို့နယ် မန်တားရွာနေ မဒေါင်နွမ်းပါ လေးဦးတို့အား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြောင်း ယင်းတို့၏မိဘများက မူဆယ်ရဲစခန်းသို့ တိုင်ကြားချက်အရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် (၄၅)ကုန်း ဟ/၈၆၉ နေ တရားခံမဗျာမူပူအား မေ ၄ ရက်တွင် ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူခဲ့သည်။

အမှုနှင့်ပတ်သက်၍ မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည် မေ ၇ ရက်တွင် တရားခံ၏ တယ်လီဖုန်းမှတ်စုစာအုပ်ပါ သံသယရှိသည့် ဖုန်းအဆက်အသွယ်များကို ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံမှ ရှောက်တွမ်ဆိုသူထံတွင် ရောင်းစားခံရသူ လေးဦးအနက်မှ မကိုင်ကျန်(၁၅)နှစ်နှင့် မကျန်မေချင်(၁၆)နှစ်တို့နှစ်ဦးရှိနေကြောင်း၊ အဆိုပါ အမျိုးသမီးနှစ်ဦးအား နောက်တစ်နေ့တွင် တစ်ဖက်နိုင်ငံ လုံလင်နှင့်ကျန်ဖုန်းမြို့များသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အမြန်ကယ်တင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

တစ်ဖက်နိုင်ငံ ရွှေလီမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းပူးပေါင်း၍ တစ်ဖက်နိုင်ငံ တာကွမ်းရွာ၌ ရောင်းစားခံရသူလေးဦးအနက် မကိုင်ကျန်နှင့် မကျန်မေချင်တို့အား ဝယ်ယူသူ ရှောက်တွမ်ထံမှကယ်တင်ပြီးနောက် ယင်းနေ့ညနေ ၆ နာရီတွင် မူဆယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အားမေးမြန်းချက်အရ လွန်ခဲ့သည့်နှစ်လကျော်က တစ်ဦးလျှင် ယွမ် ၄၀၀ဖြင့် ရောင်းစားခံရခြင်းဖြစ်ကြောင်း၊ လိင်မှုဆိုင်ရာ ပြုကျင့်မှုခံရသည့်အပြင် အလုပ်ကြမ်းစေခိုင်းခံရကြောင်းသိရှိရသည်။

မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည် အဆိုပါ အမျိုးသမီးငယ်နှစ်ဦးအား အချိန်မီကယ်တင်ခဲ့ပြီး မေ ၈ ရက်တွင် မူဆယ်ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က နှစ်သိမ့်ဆွေးနွေးခြင်းပြုလုပ်ပြီး ယင်းတို့၏မိဘများထံ ပြန်လည်ပို့ဆောင်အပ်နှံခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုသည် လူသားတို့၏ အရှက်နှင့်ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် မြန်မာလူမျိုးတို့၏ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အမျိုးဂုဏ်ဇာတိဂုဏ်ကိုပါ ထိပါးပျက်စီးစေသည့်အတွက် နိုင်ငံတော်က လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်တွင်း၌ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လည်းကောင်း၊ နိုင်ငံတကာ/ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တားဆီးတိုက်ဖျက်လျက်ရှိရာ ကျန်ရှိနေသေးသော လူကုန်ကူးခံရသူ မဒေါင်နွမ်း(၂၆)နှစ်၊ မဇယ်ဆိုင်း(၃၀)နှစ် တို့အား ကယ်တင်နိုင်ရေးအတွက် ရွှေလီရဲဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ်ဥက္ကဋ္ဌ လွိုင်ကော်မြို့၌ ခြစ်စည်းရိုးကြက်ဆူပင်စိုက်ခင်းများစစ်ဆေး

ရန်ကုန် မေ ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေတို့သည် မေ ၅ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၏ ခြစ်စည်းရိုးကြက်ဆူပင်စိုက်ခင်းများနှင့် ဒေသခံတပ်နယ်က စိုက်ပျိုးထားသည့် ခြစ်စည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)တို့ရှိ ကြက်ဆူပင်စိုက်ခင်း ၁၄၇ဧကကိုလည်းကောင်း၊ ပန်ကန်းကျေးရွာ၏ ဧက ၆၀ ခြစ်စည်းရိုးကြက်ဆူစိုက်ခင်းသို့လည်းကောင်းရောက်ရှိကြပြီး ကြက်ဆူပင်များ ရှင်သန်ကြီးထွားနေမှု၊ ကြက်ဆူပင်ကြီးများမှ သီးကင်းများ ထွက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ခြစ်စည်းရိုးကြက်ဆူစိုက်ခင်း ဧက ၂၀တွင်ပြုလုပ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

တီထွင်ထုတ်လုပ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စိန်ရတနာ ဆီကြိတ်စက်ထုတ်လုပ်ခြင်းနှင့် အထွေထွေစက်မှုလုပ်ငန်းက တီထွင်ထုတ်လုပ်ထားသည့် ကြက်ဆူစေ့ အခွံချွတ်စက်နှင့် ကြက်ဆူစေ့ ဆီကြိတ်စက်များ စမ်းသပ်လည်ပတ်မှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ပညာရှင် ဦးစိုးဝင်းက ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မေ ၆ရက်တွင် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် အမှုဆောင်များ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း အမှတ်စဉ်(၁၀) ဆင်းပွဲသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဒီမော့ဆိုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ဒီမော့ဆိုမြို့နှင့် ဖရူဆိုမြို့တို့မှ ပြည်သူများနှင့်တွေ့ဆုံပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၏ ပြည်နယ်နှင့် မြို့နယ်များအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေတို့ လွိုင်ကော်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ခြစ်စည်းရိုးကြက်ဆူပင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မြို့မ ရပ်ကွက် ဗဟန်း(၃)လမ်း သုခမ္မာတိုက်ကျောင်းတွင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမ(မဟာပဋ္ဌာန်းဆရာတော်) ဦးစီး၍ မေ ၁၁ရက်မှ ၁၅ရက်ထိ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင် ကျင်းပမည်ဖြစ်သည်။ ထို့နောက် မဟာပဋ္ဌာန်း ဝိပဿနာအလုပ်ပေး တရားစခန်းကို မေ ၂၂ရက်မှ ၂၈ရက်ထိ ဟောပြောမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် အထက်ပါ ကျောင်းတိုက်တွင် စာရင်း စတင်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ (က-ပ)



လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မိသားစုစကားဝိုင်းကျင်းပ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးသည် အတွင်းရေးမှူး ဒေါ်ထူးရော်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လုပ်ငန်းအဖွဲ့ခွဲဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် အတွင်း အမျိုးသမီးငယ်လေးများအား မြို့နယ်ခန်းမ၌ အမျိုးသမီးရေးရာစကားဝိုင်းဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

အဆိုပါ အမျိုးသမီးရေးရာစကားဝိုင်းသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့် ဒေါပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းမှ အမျိုးသမီး ၂၀၀ တက်ရောက်ကြသည်။

ပြန်လည်ဆွေးနွေး

အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့မှ ဒုတိယရဲမှူး ဥမ္မာရင်မိက "လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများ"ကို လည်းကောင်း၊ ပါမောက္ခ ဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဒုရဲမှူး ဥမ္မာရင်မိက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများအကြောင်း ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဆက်လက်ဖြစ်ပေါ်နိုင်

၂၀၀၆ ခုနှစ် မေ ၉ ရက် မွန်းလွဲ ၂ နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များ**မှာ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ပင်လောင်းမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၀၂လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၆၃လက်မနှင့် ကျောက်ဖြူမြို့တွင် ၀ ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၆ ခုနှစ် မေ ၁၀ ရက် ညနေထိ ခန့်မှန်းချက်

ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်) **၈-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) **၉-၅-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၁ ရာခိုင်နှုန်း **၉-၅-၂၀၀၆**

နေပူသည့်နာရီပေါင်း ၉ ဒသမ ၀ နာရီခန့် **၈-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၉-၅-၂၀၀၆	မရှိ	၈မမ(၀ဒသမ၃၂လက်မ)	မရှိ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၄၉ မမ (၅ဒသမ၈၇လက်မ)၊	၁၈၂ မမ (၇ဒသမ၁၇လက်မ)၊	၁၄၂ မမ (၅ဒသမ၅၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၈-၅-၂၀၀၆ ရက် ၁၆း၁၅ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည်

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ၁၃၆၈ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်းနှင့် ဗောဓိရက္ခဥဒက ပူဇာမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ရာ နံနက် ၆နာရီခွဲတွင် မဟာဗောဓိပင် စိုက်ပျိုးပူဇော်မည့် သီရိရတနာဓမ္မာရုံရှေ့ မြက်ခင်းပြင်သို့ အခမ်းအနားဖြင့် ပင့်ဆောင်စိုက်ပျိုးပူဇော်ကြမည်ဖြစ်သည်။ (ကြေးမုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေ ၅ရက်က မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးစိုးသိန်း (နေအောင်ကုမ္ပဏီ) ဇနီး ဒေါ်ခင်ချိုအုန်း ဒုတိယညွှန်ကြားရေးမှူး(ရှေ့နေချုပ်ရုံး) တို့က အလှူငွေ ကျပ် ၁၀သိန်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၅၂၉)

ကြေးမုံ The Mirror **အင်တာနက်သတင်း**

မီးတောင်ပေါက်ကွဲမည့် အန္တရာယ်ကြောင့် အစာကျွေးသူမဲ့နေသော မျောက်များ လူနေရွာများသို့ဆင်း၍ ရှာဖွေစားသောက်နေ

ဂျကာတာ မေ ၉

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းမှ မီရာပီ မီးတောင်ပေါက်ကွဲမည့်အန္တရာယ်ရှိနေ၍ ဂျော့ဂျကာတာဒေသရှိ ကလူရန်သဘာဝဘေးမဲ့ဥယျာဉ်သို့ လာရောက်လေ့လာသူ ဧည့်အဝင်ကျဲပါးသွားကာ ထိုတောရှိ မျောက်များကို အစာကျွေးမည့်သူများ ကင်းမဲ့နေသည့်အတွက် အစာရေစာပြတ်လပ်နေသော မျောက်များမှာ အနီးဝန်းကျင် လူနေကျေးရွာများအထိဆင်းပြီး အစာရှာစားနေရကြောင်း ဒေသခံသတင်းမီဒီယာက ဖော်ပြသည်။

မီရာပီ မီးတောင်ပေါက်ကွဲနိုင်သည့် အန္တရာယ်ရှိနေကြောင်း ဧပြီ ၁၂ရက်ကတည်းက သတိပေးနှိုးဆော်ထားခဲ့သည်။ ထိုနှိုးဆော်ချက်ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ကလူရန်ဘေးမဲ့ဥယျာဉ်အတွင်း လာရောက်သူ အရေအတွက် သိသိသာသာ ကျဆင်းသွားသည်။

ယခုအခါ ရာနှင့်ချီ၍ရှိသော မျောက်များသည် လူနေရွာများဝန်းကျင်ရှိ ကော်ဖီခြံများ၊ ပြောင်းခင်းများနှင့် စိုက်ခင်းများအတွင်းဝင်၍ ခူးယူစားသောက်နေကြသည်။ မျောက်များကြောင့် စိုက်ခင်းများ ဆုံးရှုံးမှုနည်းပါးစေရန် ရွာသားများက အမျိုးမျိုးခြောက်လှန့်နေကြရသည်။

မီရာပီ မီးတောင်၏အခြေအနေမှာ တစ်နေ့တခြား ချော်ရည်များပို၍ ထွက်လာပြီး လှုပ်ရှားမှုပိုမိုပြင်းထန်လာကြောင်း၊ အချိန်မရွေးပေါက်ကွဲနိုင်ကြောင်း ဂျော့ဂျကာတာမှ မီးတောင်ဆိုင်ရာကျွမ်းကျင်သူ သုတေသနအဖွဲ့မှ ပညာရှင်များက ပြောကြားသည်။ ***အင်တာနက်***

လူနေကျေးရွာများအတွင်း ဝင်ရောက်စားသောက်နေသော ကလူရန် ဘေးမဲ့တောမှ မျောက်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror **ပြည်ပအားကစားသတင်းများ**

အာဆင်နယ်အသင်းမှ ဝယ်လ်ကော့တ်၏ ယှဉ်ပြိုင်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားပွဲဝင်မည့် အင်္ဂလန်အသင်းတွင် ပါဝင်မည့်သူများအား ပဏာမရွေးချယ်

လန်ဒန် မေ ၉

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း၏ ပဏာမ ဘောလုံးသမားစာရင်းတွင် လူငယ်ဘောလုံးသမားနှစ်ဦး ဖြစ်ကြသော သီအိုဝယ်လ်ကော့တ် (အာဆင်နယ်)နှင့် အာရွန်လန်နွန်(စပါးအသင်း)တို့ ပါဝင်ကြောင်း၊ ဂျာမိန်းဒီဖိုး၊ ရှာယန်ရိုက်စ်ဖီးလစ်နှင့် လက်ဒလီကင်းတို့မှာမူ ပဏာမ ကစားသမားစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း မေ ၉ ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

လာမည့်လတွင် ဂျာမနီနိုင်ငံသို့ သွားရောက်ကာ ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်အသင်းအတွက် ၂၃ဦးပါဝင်သော ပဏာမ ကစားသမားစာရင်းတွင် လီဗာပူးဘောလုံးသမားသုံးဦး ဖြစ်ကြသော ဂျာမီကရပ်ဖာ၊ စတီဗင်ဂျာရတ်နှင့် ပီတာခရပ်ချ်တို့ကို မန်နေဂျာဆဗင်းဂိုရန် အဲရစ်ဆင်က ရွေးချယ်ထားသည်။

လီဗာပူးဂိုးသမား စကော့ကာဆင်ကို အရန်ဘောလုံးသမားစာရင်းတွင် ထည့်သွင်းထားသည်။

တနင်္လာနေ့က ထုတ်ပြန်ကြေညာလိုက်သော အင်္ဂလန်အသင်း ပဏာမ ကစားသမားစာရင်းတွင် မစ်ဒယ်ဘရော့ တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းနှင့် ဘေယန်မြူးနစ် ကွင်းလယ်ကစားသမား အိုဝင်ဟာဂရေ့ဗ်တို့လည်း ပါဝင်သည်။ ***အင်တာနက်။***

ဘော်လ်တန်အသင်းမှ နာကာတာ နုတ်ထွက်ပြီ

တိုကျို မေ ၉

ဂျပန်လူမျိုး ကွင်းလယ်ကစားသမား ဟက်ဒက်တိုရှီ နာကာတာသည် ဘော်လ်တန်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း၊ နာကာတာသည် အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် အသင်းတစ်သင်း ဖြစ်သော ဘော်လ်တန်အသင်းတွင် ၎င်း၏ ပထမဆုံးသော ဘောလုံးရာသီအတွင်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဒုတိယတန်း ဘောလုံးသမားတစ်ဦး အဖြစ်သာ ပေါ်လွင်ခဲ့ပြီးနောက် ယင်းအသင်းမှ နုတ်ထွက်ခြင်းဖြစ်ကြောင်း မေ ၉ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဘော်လ်တန်အသင်းသည် အသက်(၂၉)နှစ်အရွယ်ရှိ နာကာတာအား အီတလီနိုင်ငံ ဖီအိုရင်တီးနားအသင်းမှ ၁၂လသက်တမ်းရှိ သဘောတူညီချက်ဖြင့် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။ ဘော်လ်တန်အသင်းသည် နာကာတာ နုတ်ထွက်မှုကို တရားဝင် ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရကြောင်း "နိကန်အားကစားနေ့စဉ်"သတင်းစာက ရေးသားဖော်ပြသည်။ ***အင်တာနက်။***

ဘော်လ်တန်အသင်းမှ နုတ်ထွက်သွားသည့် ဂျပန်လူမျိုး ဘောလုံးသမား ဟက်ဒက်တိုရှီ နာကာတာအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ကစားမည့် လီဗာပူးမှ ဇာဘီအလွန်ဆို။ (ဓာတ်ပုံ-အင်တာနက်)

ဇာဘီအလွန်ဆို ထိခိုက်ဒဏ်ရာရသော်လည်း အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပါဝင်မည်

လီဗာပူး(အင်္ဂလန်) မေ ၉

စပိန်လူမျိုး ကွင်းလယ်ကစားသမား ဇာဘီအလွန်ဆိုသည် လာမည့် စနေနေ့တွင် ကျင်းပမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပါဝင်ကစားရန် ကျန်းမာရေးအရ သင့်လျော်ကြောင်း၊ သို့ရာတွင် ၎င်းသည် ခြေကျင်းဝတ်ရှိ တစ်သျှူးများ ထိခိုက်သည့်ဝေဒနာကို ခံစားနေရဆဲဖြစ်ကြောင်း မေ၉ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အလွန်ဆိုသည် တနင်္ဂနွေနေ့ကကျင်းပခဲ့သော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ၎င်း၏ လီဗာပူး အသင်းနှင့် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းပွဲတွင် လီဗာပူးအသင်းက ပို့စ်မောက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလွန်ဆိုသည် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင်ရော၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်ပါ ပါဝင်ကစားနိုင်မည်လောဟု ဘောလုံးပရိသတ်အတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

ပါဝင်ကစားနိုင်မည်

သို့ရာတွင် တနင်္လာနေ့၌ ပေါ်ထွက်လာသော ကျန်းမာရေးဆေးစစ်ချက်ရလဒ်အရ ၎င်းရရှိသည့် ဒဏ်ရာမှာ မပြင်းထန်ဘဲ အနည်းငယ်မျှသာဖြစ်သဖြင့် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်မည်ဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိုင်းနှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀ ၁၀။မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မျှော်လင့်စောင့်စားဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၁၃)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ **English Usage**
၂၂။ ဗွီစီဒီကျော်ကြားတေးများ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၂၈)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိုင်းနှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

စပိန်နှင့် ဘယ်ဂျီယံတို့ကို ခြေရည်တူကစားခဲ့သော ဆားဗီးယား



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (၈)မှ ဆားဗီးယားနှင့် မွန်တီနီဂရိုး အသင်း အကြောင်းကို တင်ပြပေးရန် လိုသည်ဟု ယူဆမိသည်။ ဤဆားဗီးယားနှင့် မွန်တီနီဂရိုးသည် ဥရောပတွင် ဘောလုံးအစဉ်အလာရှိသော အသင်း တစ်သင်းလည်းဖြစ်သည်။

ခြေစစ်ပွဲ ကစားခဲ့သော ခြေစွမ်းရည်ကိုကြည့်ပြီး ဆားဗီးယားသည်လည်း ဒုတိယအဆင့် ရှုံးထွက်သို့ တက်ရောက်နိုင်သော အလားအလာရှိ အသင်းဖြစ်နိုင်သည်။

နောက်ဆုံးအဆင့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တက်ရောက်လာနိုင်ဖို့အတွက် ဆားဗီးယားနှင့် မွန်တီနီဂရိုးအသင်းသည် စပိန်၊ ဘော့စနီးယား၊ ဘယ်ဂျီယံတို့ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဆားဗီးယားသည် ဥရောပခြေစစ်ပွဲ၌ ရှုံးပွဲမရှိ ရှစ်သင်းထဲမှ တစ်သင်းဖြစ်သည်။ ခြေစစ်ပွဲ ၁၀ပွဲ ကစားရာတွင် ဆားဗီးယားသည် ခြောက်ပွဲနိုင်၊ လေးပွဲသရေကျသည်။ စပိန်အသင်းကို အိမ်ကွင်းရော အဝေးကွင်းပါ သရေကစားနိုင်ခဲ့ပြီး ဘော့စနီးယားကို အဝေးကွင်း၌ သရေကစားခဲ့သည်။ နောက်ဆုံးခြေစစ်ပွဲအဖြစ် အိမ်ကွင်းတွင် ကစားရာ ဆားဗီးယားသည် အိမ်နီးချင်းနိုင်ငံဖြစ်သော ဘော့စနီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်လိုက်သည်။ ထို့ကြောင့် ဆားဗီးယားသည် ခြေစစ်ပွဲကို လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်ခဲ့သည်။

ယခင်က ဆားဗီးယားနှင့် မွန်တီနီဂရိုးသည် ယူဂိုဆလားဗီးယားအသင်းအဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည်။ ၂၀၀၃ ခုနှစ်မှ စတင်ပြီး ဆားဗီးယားနှင့် မွန်တီနီဂရိုး အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်လာခြင်းဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် ဥရုဂွေး ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ယူဂိုဆလားဗီးယား

ဆားဗီးယားနှင့် မွန်တီနီဂရိုး နည်းပြ အီလီဂျာပက်ကိုဗစ်။
(ဓာတ်ပုံ-အင်တာနက်)

အသင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်စဉ်က ဆီမီးဖိုင်နယ်အထိ ရောက်ခဲ့ဖူးသည်။ ဆီမီးတွင် ဥရုဂွေးကို ၆-၁ ဖြင့်ရှုံးသည်။ နောက်ပိုင်းတွင် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခြောက်ကြိမ် ဝင်ရောက်ကစားခွင့်ရသည်။ ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ယူဂိုဆလားဗီးယားသည် ဒုတိယအဆင့် ရှုံးထွက်အထိ တက်ရောက်နိုင်ခဲ့သည်။ နယ်သာလန်ကို ၂-၁ ဖြင့်ရှုံးပြီး ထွက်ရသည်။

၂၀၀၄ ခုနှစ် ယူရိုခြေစစ်ပွဲတွင် အဇာဘိုင်ဂျန်ကို ပထမအဆင့်ပတ်လည်၌ ရှုံးလိုက်သည်။ ဤသို့ ရှုံးလိုက်ခြင်းသည် ဆားဗီးယားအသင်းကို အလှည့်အပြောင်းဖြစ်သွားသည်။ နည်းပြဆရာဟောင်း ဒီဂျန်ဆာဗီဆီဗစ်နေရာသို့

ဂမ်ဆိုင်း

ပက်ကိုဗစ်အား အစားထိုးလိုက်သည်။

အပြောင်းအလဲမှ လူသိများသောဆားဗီးယားအသင်းကို ပြည်သူလူထုက အင်တိုက်အားတိုက် အားပေးခဲ့ကြသည်။ ပြည်သူများ၏ အားပေးမှုကြောင့် ဆားဗီးယားအသင်းသည် ခြေစစ်ပွဲတွင် တစ်ဆင့်ပြီး တစ်ဆင့် အောင်ပွဲများရသည်။ နည်းပြဆရာ ပက်ကိုဗစ်၏ ဦးဆောင်မှုအောက်တွင် ဆားဗီးယားအသင်းသည် ရှုံးပွဲမရှိ ခြေစစ်ပွဲအောင်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ခွင့်ရသည်။

ဆားဗီးယားအသင်းမှာ နာမည်ကြီး ဘောလုံးသမားများ ဖြစ်ကြသော အက်သလက်တီကိုမှ ကက်ဇ်မန်း၊ အင်တာမီလန်မှ ဒီဂျန်စတန်ကိုဗစ်၊ အိုဆာစူနာမှ မီလိုဆီဗစ်တို့ ပါဝင်ကြသည်။ မည်သို့ပင်ဖြစ်စေ ဆားဗီးယားသည် ဥရောပတွင် နောက်တန်းတောင့်သော အသင်းဖြစ်သည်။ ခြေစစ်ပွဲ ၁၀ ပွဲ ကစားရာတွင် တစ်ဂိုးသာအသွင်းခံရသောကြောင့် ဆားဗီးယား၏ နောက်တန်းသည် မည်မျှလုံခြုံစိတ်ချရသည်ကို တွေ့ရမည်။ သွင်းခံရသော တစ်ဂိုးမှာလည်း မက်ဒရစ်တွင် စပိန်နှင့် ကစားသောပွဲတွင်ဖြစ်သည်။ ဂိုးသမား ရေးဗစ်နှင့် ရှော်ကေးအသင်းမှ ဆားဗီးယားအသင်း ခေါင်းဆောင် မလန်ဒင် ကရာစတာဂျန်တို့သည် ပရိသတ်၏ လေးစားမှုကို အများကြီးရသည်။

"အသင်းရဲ့အောင်မြင်ရေး သော့ချက်ကတော့ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူမျှတပြီး သဟဇာတဖြစ်တာပဲ။ ဒီထက်ကြိုးစားပြီး ကစားရမယ်။ ခြေစစ်ပွဲမှာ အောင်မြင်မှု ရတာတွေအပေါ် သာယာနေလို့တော့မရဘူး" ဟု နည်းပြဆရာက မှတ်ချက်ပြုထားသည်။

ခြေစစ်ပွဲ၌ စပိန်နှင့် ဘယ်ဂျီယံစသော အသင်းများကို ခြေရည်တူလိုက်ကစားနိုင်သော ဆားဗီးယားနှင့် မွန်တီနီဂရိုးအသင်းကို လျှော့တွက်၍မရ။ အာဂျင်တီးနားနှင့် ဟော်လန်တို့ သတိကြီးစွာထား၍ ကစားရမည့် အသင်းတစ်သင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

၂၀၀၅ခုနှစ် နိုဝင်ဘာ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် ကျင်းပသည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဆားဗီးယားနှင့် မွန်တီနီဂရိုး အမျိုးသားဘောလုံးအသင်းမှ ဘောလုံးသမားများကို တွေ့ရစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့ အနိုင်ရ

ရန်ကုန် မေ ၉

၂၀၀၆ ခုနှစ် (၁၁) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းတို့သည် ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အကောင်းဆုံးဆုရ မန္တလေးတိုင်းမှ အိအိမွန်။ (ကြေးမုံ)

မန္တလေးတိုင်းအသင်း	**သုံးဂိုး**
	(ယဉ်မိုးအေး-နှစ်ဂိုး၊ တင်ဇာလင်း-တစ်ဂိုး)
ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်း	**တစ်ဂိုး**
	(နန်းခမ်မိုး)
အကောင်းဆုံးဆု	အိအိမွန် (မန္တလေးတိုင်း)
ဒိုင်လူကြီး	**ဒေါ်စန်းစန်းမြင့်**

ပညာ၊ သမ္မာကို အားပြုကစားသွားသည့် မန္တလေးတိုင်းအသင်းသည် အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ကစားသွားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းကို ခြေကုန်ထုတ်ကစားပြီးမှ အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပဒေသာကွင်း

ရန်ကုန်တိုင်း	**လေးဂိုး**
ပဲခူးတိုင်း	**ဂိုးမရှိ**
အကောင်းဆုံးဆု	**စုငြိမ်းအေး (ရန်ကုန်)**

ပဒေသာကွင်းတွင် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ဂိုးပြတ်အနိုင်ရသွားသည်။ မေ ၁၂ ရက်၌ ကစားမည့် ပထမအကြိုဗိုလ်လုပွဲတွင် ယနေ့အနိုင်ရရှိလာသော မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
ကွာတားဖိုင်နယ်

အောင်ဆန်းကွင်း

စစ်ကိုင်းတိုင်း နှင့် ဧရာဝတီတိုင်း

ပဒေသာကွင်း

မွန်ပြည်နယ် နှင့်
ရှမ်းပြည်နယ်(တောင်ပိုင်း)
(ကြေးမုံ)

ရှမ်းပြည်နယ် (မြောက်ပိုင်း) တိုက်စစ်မှူး မာလာချို၏ ထိုးဖောက်မှုကို မန္တလေး နောက်ခံလူ ဖျက်ထုတ်ရန် ကြိုးစားစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇း၀၅	အဆင့်မီရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၇း၁၅	Myanmar Video Rhythm
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ရန်ကုန်ထရန်စဖော်မာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	Business Talk
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ဗုဒ္ဓဂယာမှ ဆုတောင်းပြည့်အေးချမ်း အောင်မြင် အုတ်ခွက်ဘုရား
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	Wedding Planner
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	ဆီးချို၊သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း(အပိုင်း-၁)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀	ပေမူမှသည် ပုံနှိပ်မူသို့
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ပတ္တလားနှင့်နစ္စဂီတတေးပဒ္ဒင်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	နိုင်ငံတကာမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး (မင်းနဂါးနှင့်ဟိန်းညီညီ)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း-၁)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	တည်ငြိမ်အေးချမ်းစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည၂၃း၀၀ နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆) ရက်နေ့

နှင့်

(၂၈-၅-၂၀၀၆)ရက်နေ့

မွန်ပြည်နယ် မုဒုံမြို့ရှိ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအတွက် မေ ၅ ရက်က ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ် (၃၃)ရပ်ကွက်၊ ယမနေ (၆) လမ်းနေ ဦးဘတင်-ဒေါ်စန်းတင် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံယူစဉ်။
(မြို့နယ်ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာခရိုင်နှင့်စစ်ကိုင်းခရိုင်တို့၌ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲများတက်ရောက် ရေဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းများစစ်ဆေး

ရန်ကုန် 　 မေ 　 ၉

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်အတူ မေ၅ရက် နံနက် ၆နာရီတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ စစ်ကိုင်းတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီးလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များလိုက်ပါလျက် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ သွားရောက်၍ ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးစိုးလှက ကိုင်းဖြင့်ပျိုးထောင်ထားမှုနှင့် ပျိုးအိတ်ဖြင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ ပျိုးဥယျာဉ်၌ ကိုင်းဖြင့်အပင် နှစ်သောင်းနှင့် ပျိုးအိတ်ဖြင့် အပင်ရှစ်သောင်း ပျိုးထောင်ထားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်းအတွင်းနှင့် အပြင်တို့၌ ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပျိုးဥယျာဉ်၌ ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ တိုင်းစာရင်းရုံး၌ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးရုံး၌ ခြစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းရွာစံပြကျေးရွာ ဇီဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများကို စေတနာအပြည့်ဖြင့် ကြိုးပမ်းထမ်းဆောင် ဒေသခံပြည်သူများသာမက အထက်ဌာနဆိုင်ရာတာဝန်ရှိသူများပါ ယုံကြည်စိတ်ချရန် အစဉ်ကြိုးပမ်း အောက်ခြေအဆင့်ဝန်ထမ်းများအထိ အသိတရားရှိရှိဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး အသိပညာပေးစည်းရုံး

နေပြည်တော် 　 မေ 　 ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာပြီး စံပြဧက ၁၀၀ ခြစည်းရိုး ကြက်ဆူပင်စိုက်ခင်းသို့ စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ယနေ့မိုးလေဝသ

(၁၀-၅-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကြေးမုံ The Mirror 　 အင်တာနက်သတင်း

လင်းပိုင်များ တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်ရာတွင် အမည်ကိုခေါ်၍ ဆက်သွယ်ကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ

လော့စ်အိန်ဂျလိစ် 　 မေ 　 ၉

လင်းပိုင်များသည် ယင်းတို့၏ဘာသာစကားဖြင့် ကိုယ်ပိုင်အမည်များရှိကြပြီး တစ်ကောင်နှင့်တစ်ကောင် ဆက်သွယ်ကြရာတွင် လူများကဲ့သို့ပင် အမည်ကိုခေါ်၍ အဆက်အဆံပြုကြသည်ကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချိုမြို့နယ်ရှိ သံကူကွန်ကရစ်အမျိုးအစား ဂုတ်တွင်းတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)